# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့ သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့ သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၂၇၂)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်**
**ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**
**(၁၃၈၃ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်)**
**(၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်)**

၁။ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် COVID- 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးတို့အတွက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို တိုးမြှင့်ရပ်ဆိုင်းပေးလျက်ရှိသည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် COVID-19 ရောဂါဖြစ်ပွားမှုသည် အချိန်ကာလကြာမြင့်သည်နှင့်အမျှ သန္ဓေပြောင်းမျိုးကွဲများ ထွက်ပေါ်လာခဲ့ပြီး အိမ်နီးချင်းနိုင်ငံအချို့တွင် သန္ဓေပြောင်းမျိုးကွဲများ တွေ့ရှိနေရသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စဉ်ဆက်မပြတ် ခြေရာခံစောင့်ကြည့်ထိန်းချုပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန်လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလအတွင်း ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား



နေပြည်တော် ဇူလိုင် ၁

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

### ပညာသင်ကြား

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

## ယနေ့ ဖတ်စရာ

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ အပေါ် လေ့လာခြင်း (အင်ဒိုနီးရှားနိုင်ငံ)**

ဆောင်းပါး စာ ၆

........................

**နိုင်ငံကို ရောင်းစားနေတဲ့ NUG**

ဆောင်းပါး စာ ၁၀

# မဖြစ်မနေ ရင်ဆိုင်ကျော်လွှားမည်

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့လာခြင်းနှင့်အတူ ဓာတ်ခွဲအတည်ပြုလူနာသစ်များ တွေ့ရှိမှုမှာလည်း တစ်နေ့ထက်တစ်နေ့ တိုးမြင့်လာလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ရိုက်ခတ်လာမှုအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ ရောဂါကူးစက်မှုနှုန်း မြင့်မားသည့် မြို့နယ်များကို အိမ်တွင်သာနေထိုင်မှုအစီအစဉ် (Stay at Home) သတ်မှတ်ပြီး ကာကွယ်ထိန်းချုပ်လျက်ရှိရာ ရောဂါကူးစက်ပြန့်ပွားမှု ပိုမိုများပြားလာသည်နှင့်အမျှ အသွားအလာ အကူးအသန်းတို့ကို ထပ်မံကန့်သတ်တားဆီးသွားရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ အချိန်တိုအတွင်း ကူးစက်ပျံ့နှံ့မှု မြင့်တက်လာခြင်းကို လျင်လျင်မြန်မြန် ထိန်းချုပ်နိုင်ရန်မှာ လူစုလူဝေး ဖြစ်ပေါ်နိုင်မည့် အခြေအနေများကို ကန့်သတ်မှုများပြုလုပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေထက်မနည်း ခွာ၍ နေထိုင်မှုကို လိုက်နာစေခြင်း၊ ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာအကာတို့ ဝတ်ဆင်စေခြင်း၊ လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စနစ်တကျ စင်ကြယ်စွာ ဆေးကြောစေခြင်းတို့ကို ထိထိရောက်ရောက် ကြပ်ကြပ်မတ်မတ် ပြုလုပ်ပေးရန်လိုအပ်မည်ဖြစ်သည်။ ကူးစက်မြန်ပြင်းထန်လာသည့် မျိုးရိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုးမှ တစ်ဦးချင်းကိုယ်စီ မိမိကိုယ်ကိုယ်ကာကွယ်ရန်က အရေးကြီးဆုံးပင်ဖြစ်သည်။ အကယ်၍ မိမိသည် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးမျိုးကို ထိုးနှံပြီးဖြစ်သည်ဟုဆိုလျှင်ပင် ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လူစုလူဝေးရှောင်ခြင်း၊ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လက်ဆေးခြင်းတို့ကို ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်သည်။

ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျှော့ချနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံရေးမှာလည်း အရေးကြီးသောအချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် ကိုဗစ်ရှီးလ် ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်း ၁၁၀၀၀၀ ကျော်အပါအဝင် လူဦးရေ ၁ ဒသမ ၈ သန်းကျော်ကို ထိုးနှံပေးခဲ့ပြီး နောက်ထပ် အိန္ဒိယနိုင်ငံထုတ်ကာကွယ်ဆေးရရှိမှုမှာ အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှု လွန်စွာမြင့်မားလာခြင်းကြောင့် ၎င်းတို့နိုင်ငံထုတ် ကာကွယ်ဆေးများ ပြည်ပတင်ပို့မှုကို ဆိုင်းငံ့လိုက်မှုနှင့် ကြုံတွေ့နေရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးလုံးရေ နှစ်သန်းဝယ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။ ထို့ပြင် ရောဂါစစ်ဆေးရေးအတွက် တစ်ကြိမ်လျှင် လူဦးရေ ၁၄၀ ခန့်ကို ၁ နာရီ မိနစ် ၃၀ အတွင်း စစ်ဆေးနိုင်သည့် PCR စက်သုံးလုံးကိုလည်း ဝယ်ယူခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကာကွယ်ဆေးများ ဝယ်ယူရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ဖြစ်ပေါ်လာမည့် အခြေအနေကို ကြိုတင်မျှော်တွေး၍ ပြဖွယ်ကိစ္စမှန်သမျှတို့ကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်ဟူ၍ ထည့်သွင်းထားရာ လတ်တလောရင်ဆိုင်နေရပြီဖြစ်သည့် မျိုးရိုးဗီဇပြောင်း ကူးစက်မြန်ပြင်းထန်သည့် ကိုဗစ်-၁၉ တတိယလှိုင်းကို မဖြစ်မနေရင်ဆိုင်ကျော်လွှားမည်သာဖြစ်ပြီး ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီခြင်းဖြင့် ရောဂါဘေးရကပ်ကို အနိုင်ယူနိုင်မည်ဖြစ်ပါကြောင်း။ ။

# ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတဟောင်း H.E. Benigno S. Aquino III ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သည် ၂၀၂၁ ခုနှစ် ဇွန် ၂၄ ရက်တွင် ကွယ်လွန်သွားသည့် ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတဟောင်းဖြစ်သူ H.E. Benigno S. Aquino III အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁) ဖိုးစိန်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် သွားရောက်လက်မှတ်ရေးထိုးသည်။ (ယာပုံ)



ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတဟောင်းသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန်ချိန်တွင် အသက် ၆၁ နှစ်ရှိပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၁)ကို ဇူလိုင် ၂ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။




အဆိုပါ ပွဲစဉ်(၂၁)၏ COVID-19 ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၂၊ ၃ နှင့် ၄ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၁

**ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၅)ကို ဇူလိုင် ၂ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။**




ယင်းအစီအစဉ်ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် သန်းထွန်းလေး၊ ခညဝတီကျော်ဝင်း၊ ကိုခင်မောင်သန်း၊ ထက်မြက်စိုး၊ ကိုစန်းလွင်၊ ခိုင်ဝါ၊ ယဉ်ဝေယံထွန်း၊ ရွှေယမင်းဦး၊ ဆွေဆွေမြင့်နှင့် အိအိလှိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားဥပဒေစိုးမိုးရေး

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များ သင်ကြားရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအား လေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ပထမအကြိမ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

ပထမအကြိမ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ/ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံတွင် ကျင်းပသည်။

**ကြည့်ရှုအားပေး**

ပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

**အနိုင်ရရှိခဲ့**

ရှေးဦးစွာ အမျိုးသား (၃)ယောက်တွဲ / အမျိုးသား (၂)ယောက်တွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသား (၃)ယောက်တွဲ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသား(၂) ယောက်တွဲ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းကို (၂)ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။



ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး နောက်ခံကစားသမားဆု၊ ပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ အကောင်းဆုံး အားကစားသမားဆုများ၊ တတိယဆုရရှိသော အကျဉ်းဦးစီးဌာန၊ အမျိုးသား(၂)ယောက်တွဲအသင်းတို့ကို တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ တတိယဆုရရှိသော မီးသတ်ဦးစီးဌာန၊ အမျိုးသား (၃)ယောက်တွဲအသင်းကို ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လည်းကောင်း၊ ဒုတိယဆုရရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမျိုးသား (၂)ယောက်တွဲအသင်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမျိုးသား (၃)ယောက်တွဲအသင်းကို ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်(ရဲချုပ်)က လည်းကောင်း၊ အမျိုးသမီး (၂)ယောက်တွဲ ပိုက်ကျော်ခြင်း သရုပ်ပြ ယှဉ်ပြိုင်ကစားသည့် အမျိုးသမီး (၂)ယောက်တွဲ အသင်းကို ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်နီလာစိန်က လည်းကောင်း၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ပထမ တံခွန်စိုက်ဒိုင်းဆု ရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသား (၂) ယောက်တွဲအသင်းနှင့် ပထမတံခွန်စိုက်ဒိုင်းဆု ရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသား(၃) ယောက်တွဲအသင်းတို့ကို တံခွန်စိုက်ဒိုင်းဆု၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး (ဓါတ်ပုံ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒိုင်ခုနစ်ဦးကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

**ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန COVID-19 Command Center ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဆွေးနွေးသည်။

**အလုံအလောက် ဖြန့်ဝေထားရှိ**

အစည်းအဝေးတွင် COVID-19 ရောဂါပိုး တွေ့ရှိရမှုများပြားလာနေသည့် မြို့နယ်များတွင် လိုအပ်ချက်နှင့်အညီ Stay at home သတ်မှတ်နိုင်ရေး၊ အချို့မြို့နယ်များ Stay at home သတ်မှတ်ခြင်း မပြုသော်လည်း သတ်မှတ်ထားသောစည်းကမ်း လိုက်နာဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းများ ဖြန့်ဝေထားမှုကို စနစ်တကျ အသုံးပြုရေးနှင့် လိုအပ်ချက်ရှိလာပါက ဖြည့်ဆည်းနိုင်ရေး ဝယ်ယူထားရှိရန်ကိစ္စ၊ ပြည်သူ့ဆေးရုံများတွင် လိုအပ်ချက်နှင့်အညီ လူနာများ အောက်ဆီဂျင် အသုံးပြုနိုင်ရေး အောက်ဆီဂျင်အိုးများ ထောက်ပံ့ထားရှိရန်၊ Liquid oxygen ရရှိနေသည့် ရန်ကုန်/ မန္တလေးမြို့ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ပြင်းထန် လူနာများ ပိုမိုလက်ခံကုသရေး၊ Liquid oxygen အဆက်မပြတ်ရရှိရေး ကြိုတင်ညှိနှိုင်းကာ နီးနွယ် ဌာနများ၏ အကူအညီရယူရေး၊ Oxygen Plant တပ်ဆင်ထားရှိသည့် ဆေးရုံများတွင် စနစ်တကျ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဝေခြင်း၊ အရေးပေါ် Oxygen Plant တပ်ဆင်သည့် ဆေးရုံများတွင် လုပ်ငန်း အမြန်ပြီးစီးရေး ဆောင်ရွက်ရန်၊ Rapid Antigen Test (RDT) များ အလုံအလောက် ဖြန့်ဝေထားရှိပြီးဖြစ်သဖြင့် သံသယလူနာများ စစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ကြိုတင်စီစဉ်ဆောင်ရွက်**

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် RT-PCR စက် တပ်ဆင်ပြီးစီးပြီဖြစ်သဖြင့် စစ်ဆေးမှုအမြန်စတင်နိုင်ရေး လိုအပ်မည့် reagent အမြန်စီစဉ်ရန်၊ ကုန်စည်ကူးသန်းရေးတွင် မထိခိုက်စေရန် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ပုဂ္ဂလိက ဆေးရုံ/ရောဂါရှာဖွေရေး လုပ်ငန်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်လိုအပ်ချက်အရ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်၊ ကုသရေးဌာန များ ကူညီဆောင်ရွက်ရန်၊ ဖြန့်ဝေပြီးသော Mask များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Mask campaign များ ပြုလုပ်သွားရန်နှင့် ထပ်မံ ဖြန့်ဖြူးနိုင်ရေး စီစဉ်ထားရှိပါကြောင်း၊ ယခုလ အတွင်းရရှိမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စနစ်တကျ ဦးစားပေးသတ်မှတ်ချက်များအတိုင်း ကူးစက်မှုများပြားနေသည့် နေရာ/ဒေသများရှိ ဦးတည်အုပ်စုများအား ထိုးနှံနိုင်ရေး သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကြိုတင် စီစဉ်ဆောင်ရွက်သွားရန် ကိစ္စရပ်များကို ညှိနှိုင်းခဲ့ကြသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး နှင့်ကုသရေးဦးစီးဌာနမှူးများမှ တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၇၀/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် COVID-19 ဓာတ်ခွဲ အတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက် လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများ အနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများ အနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) **ပဲခူးတိုင်းဒေသကြီး**
  - (၁) သာယာဝတီမြို့နယ်၊
  - (၂) မင်းလှမြို့နယ်၊

(ခ) **မန္တလေးတိုင်းဒေသကြီး**
  - (၁) ချမ်းမြသာစည်မြို့နယ်၊
  - (၂) ချမ်းအေးသာစံမြို့နယ်၊
  - (၃) ပြည်ကြီးတံခွန်မြို့နယ်၊
  - (၄) မဟာအောင်မြေမြို့နယ်၊
  - (၅) အောင်မြေသာစံမြို့နယ်၊
  - (၆) ပုသိမ်ကြီးမြို့နယ်၊
  - (၇) အမရပူရမြို့နယ်၊

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန် ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့် သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့် ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်း အပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ/ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ် တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဆ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ် ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက် ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂-၇-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင် သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**




# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်နှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဗိုလ်ရွှေ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နှစ်ရှည်အရိပ်ရပင်ဖြစ်သည့် ကံ့ကော်ပင်ကို စိုက်ပျိုးပေးခဲ့ပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်း ၂၄၃ ပင်၊ ခရေ ၃၀ နှင့် ကံ့ကော်ခုနစ်ပင် စုစုပေါင်း ၂၈၀ ကို စိုက်ပျိုးခဲ့ကြသည်။

## ငါးမျိုးစိုက်ထည့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန် – မန္တလေး အမြန်လမ်းမအနီးရှိ ငလိုက်ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ယိုးဒယားငါးခုံးမ သားပေါက်ကောင်ရေ ၅၀၀၀၀ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကြည့်ရှု

နေပြည်တော် ဇူလိုင် ၁

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ညှိုခန်းမ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လေဆိပ်ဝန်ထမ်းများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာဆိုင်ရာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနဝန်ထမ်းများသည် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်စပ်ဆောင်ရွက်ရပြီး ပြည်သူကို ဝန်ဆောင်မှုပေးရသူများ ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကန့်သတ်ချက်များ ဖြေလျှော့သည့်အခါ လေကြောင်းလိုင်းများခွင့်ပြုပြီး ပြည်တွင်း/ပြည်ပခရီးသွားများ ပြန်လည်များပြားလာနိုင်သည့်အတွက် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ စနစ်တကျ လုပ်ဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း၊ ယခုကာလတွင် လုပ်ငန်းဆိုင်ရာ စက်ကိရိယာများ ပြည့်စုံရေးနှင့် ကြံ့ခိုင်ကောင်းမွန်ရေး စစ်ဆေးဆောင်ရွက်ကာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုကျွမ်းကျင်ပိုင်နိုင်ရေးအတွက် အစဉ်လေ့ကျင့်ဆောင်ရွက်နေကြရန် လိုအပ်ပါကြောင်း၊ ယခုအခါ ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများ အခြေအနေနှင့် ပြည်တွင်း/ပြည်ပ ခရီးသွားများ ဝင်ရောက်/ထွက်ခွာမှု၊ ကိုဗစ်–၁၉ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာကောင်တာ၊ ဆိုက်ရောက်ဗီဇာ (Visa on Arrival – VOA) ကောင်တာ၊ ဆာဘာခန်းနှင့် ပြည်ပဆိုက်ရောက်ကောင်တာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

# အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသတင်းထောက်အချို့က လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား military council (သို့မဟုတ်) military junta (သို့မဟုတ်) junta ဟု သတင်းများတွင် သုံးနှုန်းရေးသားဖော်ပြခြင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်သော အခြေအမြစ်မရှိသည့် သတင်းမှားများကို ကိုးကားချဲ့ကားရေးသားဖော်ပြခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး အာဏာသိမ်းအစိုးရမဟုတ်ကြောင်း အတိအလင်း ရှင်းလင်းပြောကြားထားပြီးဖြစ်ပါသည်။

၃။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။

၄။ နိုင်ငံခြားသတင်းဌာနအချို့က ကမ္ဘာ့ပြည်သူများကို သတင်းမှားများ ချပြပြီး ပြည်သူများအား သတင်းအဆိပ်သင့်အောင်၊ နိုင်ငံပျက်စီးရာ ပျက်စီးခြင်းများ ဖြစ်ပေါ်အောင် တိကျသေချာမှု မရှိသောသတင်းများကို ကိုးကားချဲ့ကား ရေးသားဖော်ပြနေမည့်အစား သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြကြရန် အထူးလိုအပ်ပါသည်။

၅။ နိုင်ငံတော်အစိုးရကလည်း သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းမေးမြန်းမှုများအား မှန်ကန်မြန်ဆန်စွာ ဖြေကြားခြင်းများ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံတော်အစိုးရအား နိုင်ငံခြားသတင်းဌာနအချို့က military council/ military junta / junta ဟု သုံးနှုန်းနေမှုများကို နောင်တွင် သုံးစွဲမှု မပြုလုပ်ရန်၊ သတင်းမှားများကို ကိုးကားချဲ့ကား ရေးသားခြင်းများ မပြုလုပ်ရန်နှင့် အသုံးအနှုန်း လွဲမှားသုံးစွဲခြင်း၊ သတင်းမှားများ ကိုးကားချဲ့ကားရေးသားခြင်း၊ သတင်းမှားများ ဖြန့်ဝေခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ လေးမျက်နှာမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် ကွင်းကောက်မြို့ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟသ်ာတတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စားရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးအား ထောက်ပံ့ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြောင်းမြမြို့နယ်အတွင်းရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စားရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို နယ်မြေခံတပ်ရင်းခန်းမ၌ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (အင်ဒိုနီးရှားနိုင်ငံ)

အေးစုကျော်
• • • • • • •

**နိဒါန်း**

“အင်ဒိုနီးရှား” ဟူသော အမည်သည် ဂရိဘာသာစကား အင်ဒိုမှ ဆင်းသက်လာခြင်းဖြစ်ပြီး အိန္ဒိယကျွန်းများဟု အဓိပ္ပာယ်ရပါသည်။ ၁၉၀၀ ပြည့်နှစ် နောက်ပိုင်းတွင် အင်ဒိုနီးရှားဟူသောအမည်မှာ ပို၍ အသုံးများလာခဲ့ကြပြီး ဒေသခံပြည်သူများက နိုင်ငံရေး အသုံးအနှုန်းအဖြစ် ပြောင်းလဲခေါ်ဆိုခဲ့ကြပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြား တွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၇၃၅၃၅၈ မိုင်မျှရှိသဖြင့် ကုန်းမြေ ဧရိယာအားဖြင့် ၁၄ ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်ပါသည်။ မြို့တော်မှာ ဂျကာတာမြို့တော်ဖြစ်ပြီး အသုံးပြုသည့် ငွေကြေးမှာ ရူပီးဖြစ်ပါသည်။ လူဦးရေ ၂၆၁ သန်းခန့်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သမ္မတသည် နိုင်ငံ အကြီးအကဲဖြစ်သကဲ့သို့ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးမဏ္ဍိုင်အကြီးအကဲလည်း ဖြစ်ပါသည်။ သမ္မတသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထိ ထမ်းဆောင်ခွင့်ရှိပါသည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အစိုးရအဖွဲ့ ဖွဲ့စည်း

> ❖ **အင်ဒိုနီးရှားနိုင်ငံသည် သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်သကဲ့သို့ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးမဏ္ဍိုင်အကြီးအကဲလည်း ဖြစ်ပါသည်။ သမ္မတသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထိ ထမ်းဆောင်ခွင့်ရှိပါသည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အစိုးရအဖွဲ့ ဖွဲ့စည်းတည်ဆောက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာခွဲဝေကျင့်သုံးမှုတို့ကိုလည်း အတိအကျသတ်မှတ်ပြဋ္ဌာန်းပေးထား**

တည်ဆောက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာခွဲဝေကျင့်သုံးမှုတို့ကိုလည်း အတိအကျ သတ်မှတ်ပြဋ္ဌာန်းပေး ထားပါသည်။ ဥပဒေပြုလွှတ်တော်များအတွက် ကိုယ်စားလှယ်များ နှင့် သမ္မတ၊ ဒုတိယသမ္မတတို့အား ပြည်သူများမှ ငါးနှစ်လျှင်တစ်ကြိမ် ရွေးကောက်တင်မြှောက်ပေးပါသည်။

၁၉၉၉ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ အင်ဒိုနီးရှားနိုင်ငံရေးသမိုင်း တွင် ရွေးကောက်ပွဲခုနစ်ကြိမ် ကျင်းပခဲ့ပါသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံ လွှတ်တော်ကို တပ်မတော် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်မှုဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၈ ခုနှစ် နောက်ပိုင်းမှစ၍ တပ်မတော်သားကိုယ်စားလှယ်များ၏ ပါဝင်မှု ကို ပယ်ဖျက်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့ လွှတ်တော် People's Representative Council (Dewan Perwa-kilan Rakyat–DPR) သည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း များဆိုင်ရာ ဥပဒေ (၁၅/၂၀၁၁)၊ ဥပဒေပြုရွေးကောက်ပွဲများဆိုင်ရာ ဥပဒေ (၈/၂၀၁၂)နှင့် သမ္မတ ရွေးကောက်ပွဲများဆိုင်ရာဥပဒေ (၄၂/ ၂၀၀၈) တို့ကိုပေါင်းစပ်၍ အထွေထွေရွေးကောက်ပွဲ ဥပဒေအသစ် (၇/၂၀၁၇) ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေ၌ လွှတ်တော် ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများကို တစ်နေ့တည်း ကျင်းပ ရန် ပြဋ္ဌာန်းခဲ့ပါသည်။ ယခင်ဥပဒေတွင် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများအား သမ္မတရွေးကောက်ပွဲမတိုင်မီ လပေါင်း များစွာအလို၌ ကျင်းပပြီး ပါတီများအနေဖြင့် အဆိုပါဥပဒေပြု လွှတ်တော်ရွေးကောက်ပွဲများတွင် ရရှိသည့် အနိမ့်ဆုံးဆန္ဒမဲအရေ အတွက် သို့မဟုတ် ကိုယ်စားလှယ်နေရာအရေအတွက်ပေါ် မူတည် ၍ သမ္မတရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းရခြင်း ဖြစ်ပါသည်။ ဥပဒေသစ်တွင် မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့အစည်းမဆို နောက်ဆုံးပြုလုပ်ခဲ့သည့်ရွေးကောက်ပွဲ တွင် ခိုင်လုံမဲစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် DPR ရှိ ကိုယ်စား လှယ်အရေအတွက်၏ ၂၀ ရာခိုင်နှုန်း အနိုင်ရရှိပါက သမ္မတနှင့် ဒုတိယ သမ္မတအဖြစ် အမည်စာရင်းတင်သွင်းခွင့်ရှိပါသည်။ သမ္မတနှင့် ဒုတိယ သမ္မတတို့ကို ပြည်သူများက တစ်ပြိုင်နက် တိုက်ရိုက်ရွေးကောက်တင် မြှောက်ခြင်း ဖြစ်ပါသည်။

**ရွေးကောက်ပွဲစနစ်**

သမ္မတရွေးကောက်ပွဲကို Majority Vote စနစ်၊ အထက်လွှတ်တော် Regional Representative Council (Dewan Perwakilan Daerah – DPD ) ကို Single Non–Transferable Vote စနစ်၊ အောက်လွှတ်တော် People's Representative Council (Dewan Perwakilan Rakyat– DPR ) ကို အချိုးကျကိုယ်စားပြုစနစ် (Proportional Representative System– Open List ) ကိုကျင့်သုံး၍ ဆောင်ရွက်ပါသည်။ အဆိုပါစနစ်၌ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ရရှိရေးအတွက် ပါတီများအနေဖြင့် အနိမ့်ဆုံးဆန္ဒမဲ (Threshold) ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် လိုအပ်ပါသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

အင်ဒိုနီးရှားနိုင်ငံတွင် အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့ လွှတ်တော် (People's Representative Council–DPR) နှင့် အထက် လွှတ်တော် (Regional Representative Council– DPD)ဟူ၍ ပြည်ထောင်စု အဆင့် ဥပဒေပြုလွှတ်တော် နှစ်ရပ်ရှိပါသည်။ အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် DPR သည် ဥပဒေများကို ပြင်ဆင်ခွင့်၊ ပြဋ္ဌာန်းခွင့်ရှိပါသည်။ အထက်လွှတ်တော် DPD သည် လွှတ်တော်နှစ်ရပ် ထားရှိရေးအတွက် အခြေခံဥပဒေပြင်ဆင်မှုမှ ၂၀၀၄ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သော လွှတ်တော်ဖြစ်ပြီး လုပ်ပိုင်ခွင့်အကန့်အသတ်ဖြင့် ဆောင်ရွက်ရသော လွှတ်တော်ဖြစ်ပါသည်။ လွှတ်တော်နှစ်ရပ် ပူးပေါင်း ကျင်းပသည့် လွှတ်တော်အစည်းအဝေးကို ပြည်သူ့အတိုင်ပင်ခံညီလာခံ People’s Consultative Assembly ( Majelis Permusyawaratan Rakyat – MPR ) ဟုခေါ်ဆိုပြီး ၎င်းညီလာခံမှ ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များတွင် သမ္မတအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ အပြီးသတ်ဆောင်ရွက်ရသည့်အဆင့်များ ပါဝင်ပါသည်။ လွှတ်တော် နှစ်ရပ်လုံးရှိ ကိုယ်စားလှယ်များသည် ငါးနှစ်တာဝန် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

**ကျင်းပသည့် ရွေးကောက်ပွဲများ**

အထွေထွေရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်နှင့် မဲပေးခြင်းလုပ်ငန်းစဉ် များ စီမံဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်များကြေညာခြင်း စသည့် လုပ်ငန်းများကို တာဝန်ယူပြီး အောက်ပါရွေးကောက်ပွဲများကို ကျင်းပ ဆောင်ရွက်ပါသည်–


(က) သမ္မတရွေးကောက်ပွဲ ( Presidential Election )

( ခ ) အထက်လွှတ်တော်ရွေးကောက်ပွဲ (Regional Represen-tative Council– DPD )

( ဂ ) အောက်လွှတ်တော်ရွေးကောက်ပွဲ (People’s Represe-ntative Council– DPR )

(ဃ) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ရွေးကောက်ပွဲ (DPRD Province Council Election)

( င ) ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ ရွေးကောက်ပွဲ (Regional Head Elections )




အင်ဒိုနီးရှားနိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းမှုပုံစံ။

(စ) ဒေသန္တရ/မြူနီစီပယ်ရွေးကောက်ပွဲ (Regency/mu-nicipality elections)

**မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း**

ရွေးကောက်ပွဲနယ်မြေမဲဆန္ဒနယ်များကို ရွေးကောက်ပွဲမတိုင်မီ ကြိုတင် သတ်မှတ်ပါသည်။ အောက်လွှတ်တော် (DPR) အတွက် မဲဆန္ဒနယ်မြေ ၇၇ ခု သတ်မှတ်ပြီး အထက်လွှတ်တော် (DPD) အတွက် ပြည်နယ် ၃၄ ခုကို အခြေခံပါသည်။

ပြည်နယ်အဆင့် ဒေသန္တရဆိုင်ရာကောင်စီ (DPRD) ၏ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ လူဦးရေ ပေါ်မူတည်၍ Multi–member မဲဆန္ဒနယ် ၂၅၉ ခုကို သတ်မှတ်ဖွဲ့စည်း ပါသည်။

ဒေသန္တရ/မြူနီစီပယ် (Regency/municipality elections) ရွေးကောက်ပွဲများတွင် မြူနီစီပယ်ဧရိယာအတွင်းရှိ လူဦးရေပေါ် အခြေခံ၍ သတ်မှတ်ဖွဲ့စည်းပါသည်။ ပြည်နယ် ၃၄ ခု၊ ဒေသန္တရ အုပ်ချုပ်ရေးနယ်မြေ (Regency) ၄၁၀ ခု၊ မြူနီစီပယ်အုပ်ချုပ်ရေး နယ်မြေ (Municiplity) ၉၈ ခု၊ ခရိုင် ၆၉၉၄ ခု၊ မြို့ပေါ်ရပ်ကွက် ၈၃၀၉ ခုနှင့် ကျေးရွာ ၇၂၉၉၄ ခုရှိပြီး မြူနီစီပယ်ရွေးကောက်ပွဲအတွက် Multi–member မဲဆန္ဒနယ် ၂၁၀၂ ခုကို သတ်မှတ်ဖွဲ့စည်းထား ပါသည်။

**အမည်စာရင်းတင်သွင်းခြင်း**

နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ညွန့်ပေါင်းပါတီသည် လွှတ်တော် နှစ်ရပ်တွင် ၂၅ ရာခိုင်နှုန်း အနိုင်ရလျှင်သော်လည်းကောင်း၊ အောက် လွှတ်တော်( DPR)တွင် ၂၀ ရာခိုင်နှုန်း အနိုင်ရလျှင်သော်လည်းကောင်း သမ္မတနှင့် ဒုတိယသမ္မတ၏ အမည်စာရင်း တင်သွင်းနိုင်ပါသည်။

အထက်လွှတ်တော် (DPD) နှင့် အောက်လွှတ်တော် (DPR)တို့ အတွက် သက်ဆိုင်ရာပါတီနှင့် တစ်သီးပုဂ္ဂလများသည် အနည်းဆုံး အသက် (၂၁) နှစ်ရှိပြီး နိုင်ငံရေးပါတီတစ်ခုအတွက်သာ အမည် စာရင်းတင်သွင်းရပါသည်။ အောက်လွှတ်တော် (DPR) သို့ အမည် စာရင်းတင်သွင်းရာတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် လောင်း ၃၀ ရာခိုင်နှုန်း ပါဝင်ရပါသည်။

**ဆန္ဒမဲပေးခြင်း**

အင်ဒိုနီးရှားနိုင်ငံတွင် အသက် ၁၇ နှစ် ပြည့်ပြီးသည့် နိုင်ငံသား တိုင်း မဲပေးခွင့်ရှိပါသည်။ အိမ်ထောင်ရှိသူဖြစ်ပါက အသက်မပြည့် သေးသော်လည်း မဲပေးခွင့်ရှိပါသည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် ၀၇:၀၀ နာရီမှ ၂၂:၀၀ နာရီထိ ဖွင့်လှစ်ပါသည်။

သမ္မတရွေးကောက်ပွဲတွင် သမ္မတနှင့် ဒုတိယသမ္မတတို့ကို မဲလက်မှတ်တစ်စောင်တည်း ( Single Ticket ) ဖြင့် ဆန္ဒပြုရွေးချယ် ရပါသည်။

အထက်လွှတ်တော် (DPD)၊ အောက်လွှတ်တော် (DPR)၊ ပြည်နယ် (DPRD Province) နှင့် မြူနီစီပယ်ရွေးကောက်ပွဲ (DPRD Regency/ Municipality) များကို တစ်နေ့တည်းတွင် ကျင်းပပြုလုပ်ပါသည်။

အဆိုပါ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပေးရာ၌ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းအမည်များပါဝင်သော မဲလက်မှတ်တစ်စောင် စီရရှိမည် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ရွေးကောက်တင်မြှောက်ခြင်း**

**အောက်လွှတ်တော် (People's Representative Council – DPR)**

အောက်လွှတ်တော် (DPR) တွင် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက် တင်မြှောက်ခွင့်ရှိသော မဲဆန္ဒနယ် ၇၇ မှ ကိုယ်စားလှယ် ၅၇၅ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ မဲဆန္ဒနယ်တစ်ခုလျှင် လူဦးရေပေါ် အခြေခံ၍ ကိုယ်စားလှယ် သုံးဦးမှ ၁၀ ဦးအကြား ရွေးကောက် တင်မြှောက်ခွင့်ရရှိပါသည်။ ကိုယ်စားလှယ်များကို နိုင်ငံရေးပါတီများမှ တင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်းမှတစ်ဆင့် Open List PR စနစ်ကို အသုံးပြု၍ ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာရရှိရေးအတွက် ပါတီများ အနေဖြင့် အနိမ့်ဆုံးဆန္ဒမဲ( Threshold ) ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် လိုအပ်ပါ သည်။ အနိမ့်ဆုံးဆန္ဒမဲ ( Threshold ) သတ်မှတ်ချက်သည် ပြည်ထောင်စုအဆင့် (DPR) အတွက်သာ သတ်မှတ်ထားခြင်းဖြစ်ပြီး ပြည်နယ်အဆင့်လွှတ်တော်များအတွက်မူ သတ်မှတ်ထားခြင်း မရှိပေ။

မဲဆန္ဒရှင်များက ၎င်းတို့၏မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့ ကိုယ်စားပြုပါတီများကို ဖော်ပြထားသည့် DPR ဆန္ဒမဲလက်မှတ်တွင် မိမိရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းတစ်ဦး၊ ပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းနှင့် ပါတီနှစ်ခုလုံးပေါ်တွင် ဆန္ဒပြုရမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်သည် မတူညီသည့် ကိုယ်စားလှယ်လောင်းနှင့်ပါတီကို ရွေးချယ်ဆန္ဒပြုထားပါက ယင်းဆန္ဒမဲလက်မှတ်သည် ပယ်မဲအဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်ပါသည်။

**အထက်လွှတ်တော် ( Regional Representative Council – DPD)**

အထက်လွှတ်တော် (DPD) တွင် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် လေးဦးနှုန်းဖြင့် ပြည်နယ် ၃၄ ခုမှ အချိုးကျ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ် ၁၃၆ ဦး ပါဝင်ပါသည်။ သက်ဆိုင်ရာ ပြည်နယ်အသီးသီးမှ ပါတီဝင်မဟုတ်သော ကိုယ်စားလှယ်လောင်းများကို Single Non Transferable Vote စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ မဲဆန္ဒရှင်များက ၎င်းတို့မဲဆန္ဒနယ်အတွက် ရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းတစ်ဦးတည်းအတွက်ကိုသာ ဆန္ဒပြုပေးရမည်ဖြစ်ပါသည်။ မဲဆန္ဒနယ်အလိုက် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်း လေးဦးသည် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။ DPD ကိုယ်စားလှယ်လောင်းတိုင်းသည် မဲဆန္ဒရှင်အရေအတွက်ပေါ်မူတည်၍ မဲဆန္ဒရှင် ၁,၀၀၀ မှ ၅,၀၀၀ အကြား ၎င်းတို့ကို ထောက်ခံမှုရရှိရန်လိုအပ်ပါသည်။ ၎င်းအချက်ကို သက်သေပြနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ၎င်းအားထောက်ခံသော မဲဆန္ဒရှင်များ၏ သက်သေခံလက်မှတ် မိတ္တူများကို တင်သွင်းရန် ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

**မြို့တော်/ စီရင်စု ( Dewan Perwakilan Rakyat Daerah – DPRD)**

မြို့တော်/စီရင်စု( DPRD) ကို လူဦးရေပေါ်မူတည်၍ မြို့တော်/စီရင်စုတစ်ခုလျှင် ၂၀ မှ ၅၅ ဦးအကြားပါဝင်သည့် အဖွဲ့ဝင်များဖြင့် မြို့တော်/စီရင်စု ၅၁၄ ခုအတွက် ရွေးချယ်ပေးရပါသည်။ ပြည်နယ်အဆင့်ဒေသအစိုးရအုပ်ချုပ်မှုအောက်တွင် မြို့ပြ ၄၁၆ ခုနှင့် ကျေးလက် ၉၈ ခုပါဝင်ပြီး မြို့တော်/စီရင်စုအဆင့် (DPRD) တွင် အဖွဲ့ဝင် ၅၀၈ ဦးကို ရွေးချယ်ပေးရပါသည်။ ၂၀၁၉ ခုနှစ် မြို့တော်/စီရင်စုအဆင့် (DPRD) တွင် မဲဆန္ဒနယ် တစ်နယ်လျှင် ကိုယ်စားလှယ် ၃ ဦးမှ ၁၂ ဦးထိ ရွေးချယ်ပေးရသည့် မဲဆန္ဒနယ် ၂,၂၀၆ နယ်မှ ကိုယ်စားလှယ် ၁၇,၆၁၀ ဦးအား ရွေးချယ်ပေးခဲ့ပါသည်။

ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့တော်/စီရင်စုအဆင့် ကိုယ်စားလှယ်များကို Open List PR စနစ်အသုံးပြု၍ ရွေးကောက်ပွဲကို တစ်နေ့တည်းကျင်းပခဲ့ပါသည်။ ၎င်းတို့၏ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် (DPR) မှလွဲ၍ ပြည်နယ်အဆင့်နှင့် မြို့တော်/စီရင်စုအဆင့်များတွင် အနိမ့်ဆုံးဆန္ဒမဲ သတ်မှတ်ချက်ထားရှိခြင်း မရှိပါ။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များနှင့်**
**၎င်းတို့၏လုပ်ပိုင်ခွင့် အာဏာများ**

အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲများကို ကျင်းပရန်အတွက် စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့အစည်းသုံးခုရှိပါသည်။ အထွေထွေရွေးကောက်ပွဲကော်မရှင် The General Elections Commission of Indonesia ( KPU )၊ ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ The election Oversight Body ( Bawaslu ) နှင့် The Honorary Council of Election Commission of Indonesia ( DKPP ) တို့ ဖြစ်ပါသည်။

**အထွေထွေရွေးကောက်ပွဲကော်မရှင် ( Kenapa –KNP )**

အထွေထွေရွေးကောက်ပွဲကော်မရှင် (KNP) သည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများကို ကျင်းပပေးရသော လွတ်လပ်သည့်ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ KNP တွင် ကော်မရှင်အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ယင်းကော်မရှင်အဖွဲ့ဝင်များအား ပွင့်လင်းမြင်သာပြီး တင်းတင်းကျပ်ကျပ်ဖြင့် စနစ်တကျ ရွေးချယ်ကာ သမ္မတမှရာထူး အပ်နှင်းပါသည်။ KNP ၏ဥက္ကဋ္ဌကို KNP ဖွဲ့စည်းပြီးနောက် ဆောင်ရွက်သည့် ပထမဆုံးသော မျက်နှာစုံညီအစည်းအဝေးအတွင်း Closed Vote ပုံစံဖြင့် ရွေးချယ်ပါသည်။ KNP ၏ သက်တမ်းမှာ ငါးနှစ်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ လက်ရှိတွင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ပါဝင်ပါသည်။

KNP ၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အဆင့်မြင့် အစိုးရဝန်ထမ်းတစ်ဦးကို KNP မှ အဆိုပြုကာ သမ္မတမှခန့်အပ်ပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် စီမံခန့်ခွဲ ရေးဆိုင်ရာလုပ်ငန်းများနှင့် ပြည်ထောင်စုအဆင့်တွင် အဖွဲ့အစည်း၏အုပ်ချုပ်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် အတွင်းရေးမှူးတာဝန်ကိုလည်း ဆောင်ရွက်ရပါသည်။

**ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ ( Bawaslu )**

ရွေးကောက်ပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြပ်ကြည့်ရှုရသည့် အဓိကအဖွဲ့အစည်းဖြစ်ပါသည်။ Bawaslu ကော်မရှင်နာများကို KNP ကဲ့သို့ပင် ရွေးချယ်ပါသည်။

ပြည်နယ်၊ စီရင်စုနှင့် ဒေသန္တရအဆင့်များတွင် Bawaslu ရုံးများ ဖွင့်လှစ်ထားရှိပြီး ပြည်နယ်တစ်ခုလျှင် ကော်မရှင်နာ ငါးဦးမှ ခုနစ်ဦး၊ စီရင်စုတစ်ခုလျှင် အဖွဲ့ဝင် သုံးဦးမှ ငါးဦး၊ ခရိုင်အဆင့်တွင် သုံးဦးနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုတစ်ခုလျှင် မြေပြင်စစ်ဆေးရေးအရာရှိ တစ်ဦးမှ ငါးဦးတို့ကို မြေပြင်အကျယ်အဝန်းနှင့်မဲရုံအရေအတွက်ပေါ်မူတည်၍ ခန့်ထားပါသည်။ ရွေးကောက်ပွဲတိုင်းတွင် မဲရုံတစ်ရုံလျှင် Bawaslu စောင့်ကြည့်လေ့လာသူ တစ်ဦး ခန့်အပ်ထားပါသည်။ ရွေးကောက်ပွဲအငြင်းပွားမှုများကို Bawaslu သို့ တင်သွင်းရပြီး အခြားအဖွဲ့ အစည်းများဖြစ်သော ရွေးကောက်ပွဲစီမံခန့်ခွဲရေးဂုဏ်ထူးဆောင် ကောင်စီ ( DKPP )၊ ရဲဌာန သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့နှင့် သင့်လျော်သလို ပူးပေါင်းဖြေရှင်းပါသည်။ Bawaslu သည် KNP နှင့် ကိုယ်စားလှယ်လောင်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများ နှင့်စပ်လျဉ်း၍ စစ်ဆေးဆုံးဖြတ်ခွင့်အာဏာနှင့် ဒေသဆိုင်ရာအကြီးအကဲရွေးချယ်သည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲဝယ်ယူသည့် ကိုယ်စားလှယ်လောင်းများအား အရည်အချင်းပျက်ယွင်းကြောင်း ကြေညာနိုင်သည့် အာဏာတို့ရှိပါသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေးဂုဏ်ထူးဆောင်ကောင်စီ (Dewan Kehormatan Penyelenggara Pemilu – DKPP )**

ရွေးကောက်ပွဲစီမံခန့်ခွဲရေးဂုဏ်ထူးဆောင်ကောင်စီ (DKPP သည် KNP အဖွဲ့ဝင်များ နှင့် Bawaslu အဖွဲ့ဝင်များ ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ဖောက်ဖျက်ကျူးလွန်သည်ဟု တိုင်ကြားလာပါက စစ်ဆေးဆုံးဖြတ်နိုင်ရန် ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ကျင့်ဝတ် ထိန်းသိမ်းရေးကောင်စီဖြစ်ပါသည်။ ၎င်း၏ သက်တမ်းမှာလည်း ငါးနှစ်ဖြစ်ပြီး KNP နှင့် Bawaslu အဖွဲ့ဝင်များ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် နှစ်လအတွင်းဖွဲ့စည်းကာ KNP ကော်မရှင်နာ တစ်ဦး၊ Bawaslu ကော်မရှင်နာ တစ်ဦးနှင့်ဒေသန္တရအကြီးအကဲ ငါးဦး ပါဝင်ပါသည်။

DKPP သည် KPU နှင့် Bawaslu ကော်မရှင်နာများအနေဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့များ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာမှုရှိစေရန် ထိန်းကျောင်းပေးပြီး ကော်မရှင်နာများအား ရာထူးမှ ထုတ်ပယ်ပိုင်ခွင့်အာဏာ ရှိပါသည်။ DKPP ၏ ဆုံးဖြတ်ချက်များသည် အပြီးသတ်အတည်ဖြစ်သော်လည်း DKPP ၏ ထောက်ခံချက်ဖြင့် ရာထူးမှထုတ်ပယ်ခံရသော ကော်မရှင်နာများသည် ပြည်နယ်အုပ်ချုပ်ရေး တရားရုံးတွင် အယူခံတင်ခွင့်ရှိပါသည်။

ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် တိုင်ကြားနိုင်ပါသည်။ တိုင်ကြားနိုင်သည့် ကာလကို အောက်လွှတ်တော် (DPR)၊ အထက်လွှတ်တော် ( DPD ) နှင့် မြို့တော်/စီရင်စုအဆင့် ( DPRD ) ရွေးကောက်ပွဲများ အလိုက် နေ့ရက်ကာလသတ်မှတ်ပေးပါသည်။

အငြင်းပွားမှုအမျိုးအစားပေါ်မူတည်၍ Bawaslu၊ ရဲဌာနနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံအုပ်ချုပ်ရေးတရားရုံးတို့မှ အသီးသီးကိုင်တွယ်ဆောင်ရွက်ပါသည်။ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို အကြမ်းဖက်မှု၊ အငြင်းပွားမှုနှင့် ရာဇဝတ်မှုဟူ၍ အဓိကအမျိုးအစား သုံးမျိုးခွဲခြားထားပါသည်။

ပေါ်ပေါက်သည့်မည်သည့်အမှုကိုမဆို ဦးစွာ Bawaslu သို့ တင်သွင်းရပြီး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် –

- ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများအတွက် လိုက်နာရမည့်ကျင့်ဝတ်ကို ဖောက်ဖျက်ပါက ရွေးကောက်ပွဲစီမံခန့်ခွဲမှုဂုဏ်ထူးဆောင်ကောင်စီမှ တာဝန်ယူ ဆောင်ရွက်မည် ဖြစ်ပါသည်။
- စီမံခန့်ခွဲမှုဆိုင်ရာနှင့်စပ်လျဉ်း၍ ဖောက်ဖျက်ကျူးလွန်ပါက အထွေထွေရွေးကောက်ပွဲကော်မရှင်က ကိုင်တွယ်ဖြေရှင်းရပါသည်။
- ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ Bawaslu၊ ရဲဌာနနှင့် ရာဇဝတ်မှုဆိုင်ရာ တရားရုံးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် Center for Integrated Law Enforcement က ကိုင်တွယ် ဖြေရှင်းရပါသည်။
- KPU နှင့် ကိုယ်စားလှယ်လောင်းများအကြား ဖြစ်ပွားသည့် ရွေးကောက်ပွဲ အငြင်းပွားမှုများဖြစ်ပါက Bawaslu က ကိုင်တွယ်ဖြေရှင်းရပါသည်။ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်သော်လည်း နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ကိစ္စရပ်များဖြစ်ပါက အုပ်ချုပ်ရေးဆိုင်ရာတရားရုံးနှင့် တရားရုံးချုပ်များသို့ အယူခံတင်သွင်းနိုင်ပါသည်။
- ရွေးကောက်ပွဲရလဒ်အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ကိုင်တွယ်ဖြေရှင်းရပါသည်။ ၂၀၁၄ ခုနှစ် ဧပြီလ ၉ ရက်နေ့ လွှတ်တော် ရွေးကောက်ပွဲများအတွက် ခုံရုံးသို့တင်သွင်းသည့် အမှုပေါင်း ၉၁၄ မှုရှိခဲ့သော်လည်း ၂၁၇ မှုသည် အချက်အလက်ပြည့်စုံမှုမရှိသည့်အတွက် ပယ်ချခံခဲ့ရပါသည်။ ကျန်ရှိသည့်အမှု ၆၉၇ မှုအနက် ၂၁ မှုသာ လျှောက်ထားသူဘက်မှ အနိုင်ရရှိခဲ့ပါသည်။ အဆိုပါအရေအတွက်သည် ၂၀၀၉ ခုနှစ်တွင် လျှောက်ထား သူဘက်မှ ၁၀ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည့် အရေအတွက်နှင့် နှိုင်းယှဉ်ပါက လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲ ရလဒ်နှင့် စပ်လျဉ်း၍ တင်သွင်းသည့် အမှု တစ်မှုသာရှိခဲ့ပြီး လျှောက်ထားသူ ဘက်မှ ရှုံးနိမ့်ခဲ့ပါသည်။

ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများကို သင့်လျော်သည့် ရွေးကောက်ပွဲဆိုင်ရာ တရားရုံးမှ စစ်ဆေးရန် ဖော်ပြထားပါသည်။ သို့သော် သင့်လျော်သည့် တရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းမှုမပြုမီအတွင်း အမှုနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လွှဲအပ်ထားပါသည်။

**နိဂုံး**

အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံ၏ ရွေးကောက်ပွဲများအားလုံးကို တာဝန်ယူဆောင်ရွက်ရပြီး စောင့်ကြည့်ထိန်းကျောင်းသည့် အဖွဲ့အစည်းများ အဆင့်ဆင့်ဖွဲ့စည်းကာ အပြန်အလှန်ထိန်းကျောင်းသည့်စနစ်ထားရှိသည်ကို တွေ့ရှိရပါသည်။

ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲကျင်းပခြင်းတို့ကို နိုင်ငံ၏ ပထဝီအနေအထားအပြင် လူမျိုးစု၊ ဘာသာရေး၊ လူမှုလူတန်းစားတို့နှင့် လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်မှုများရှိသော်လည်း နယ်မြေကျယ်ဝန်းပြီး ကျွန်းစုနိုင်ငံဖြစ်သဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ရွေးကောက်ပွဲနေ့တွင် အချိန်နှင့်တစ်ပြေးညီ ကျင်းပနိုင်ရန် စီမံဆောင်ရွက်ရာ၌ စိန်ခေါ်မှုများရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ နောက်ဆုံးရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့ပြီးနောက် တစ်ကြိမ်ပြုလုပ်မည့် ရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ်တွင် ကျင်းပမည် ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးအစောပိုင်းကာလတွင် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မျှော်မှန်းချက်နှင့်ပြည့်မီသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ကူးပြောင်းကျင့်သုံးလျက်ရှိကြောင်း ဖော်ပြပါသည်။ ။


ရည်ညွှန်းကိုးကား

Elections_in_Indonesia

2019_Indonesian_general_election

Election guide by IFES ( Indonesia )

People's Consultative Assembly ( Indonesia )

House of Representative ( DPR )

Regional Representative Council ( DPD )

Electoral system in Indonesia

Portal for the Republic of Indonesia

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ MGIMO တက္ကသိုလ်မှ မြန်မာ့ရေးရာကျွမ်းကျင်ပညာရှင် တွဲဖက်ပါမောက္ခ Mrs. Kseniya Alexandrovna Efremova အား တွေ့ဆုံမေးမြန်းခြင်း

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ MGIMO တက္ကသိုလ်မှ မြန်မာ့ရေးရာကျွမ်းကျင်ပညာရှင် တွဲဖက်ပါမောက္ခ Mrs. Kseniya Alexandrovna Efremova အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ပြောပြလိုက်ပါသည်။**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ MGIMO တက္ကသိုလ်မှ မြန်မာ့ရေးရာကျွမ်းကျင်ပညာရှင် တွဲဖက်ပါမောက္ခ Mrs. Kseniya Alexandrovna Efremova တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**မေး ။ ။ ပါမောက္ခအနေနဲ့ မြန်မာနိုင်ငံအကြောင်းကို လေ့လာသင်ယူခဲ့တာဆိုရင် ၂၅ နှစ်ကျော်ပြီလို့ သိရပါတယ်။ ဒီကာလအတွင်းမှာ မြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ ။ ဟုတ်ပါတယ်။ ကျွန်မဟာ မြန်မာဘာသာစကားနဲ့ မြန်မာယဉ်ကျေးမှုကို ၁၉၉၄ ခုနှစ်က စတင်သင်ကြားလေ့လာခဲ့ပါတယ်။ လွန်ခဲ့တဲ့ရာစုနှစ် လေးပုံတစ်ပုံမှာ မြန်မာနိုင်ငံဟာ အပြောင်းအလဲအများကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ ပထမဆုံး ၁၉၉၇ ခုနှစ် ဇူလိုင်လမှာ မြန်မာနိုင်ငံက အာဆီယံဆိုတဲ့ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ကို ပါဝင်ခဲ့ပါတယ်။ အခြားနိုင်ငံများနဲ့ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးအလားအလာ အခွင့်အရေးအသင်း ဖွံ့ဖြိုးတိုးတက်လာခြင်း သိမြင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ ဒေသဆိုင်ရာအစီအစဉ်ကို ဖွံ့စည်းဖို့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပြီး ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌနိုင်ငံအနေဖြင့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဲဒါအားလုံးက မြန်မာနိုင်ငံဒေသဆိုင်ရာ ဩဇာနဲ့ လေးစားမှုတို့က ဖွံ့ဖြိုးတိုးတက်လာခြင်းရော၊ အခန်းကဏ္ဍအသစ် ပါဝင်လာခြင်းရော သက်သေပြချက်တွေကတော့ ဖြစ်ပါတယ်လို့ ထင်မြင်ယူဆပါတယ်။

၂၀၀၈ ခုနှစ်မှာ မြန်မာနိုင်ငံအနေနဲ့ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုခဲ့တယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လွှတ်တော်များကို စတင်တည်ထောင်ကာ ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့တယ်။ နိုင်ငံအနေနဲ့ ဒီမိုကရေစီပန်းတိုင်ကို တဖြည်းဖြည်းချင်း လျှောက်လှမ်းနေပါတယ်။ ဒီမိုကရေစီပန်းတိုင်ကို လျှောက်လှမ်းရတာက ခက်ခဲရှုပ်ထွေးပြီး ပြဿနာများစွာကို ကြုံတွေ့နိုင်ပါတယ်။ ဒါပေမယ့် မြန်မာပြည်သူ၊ ပြည်သားများရဲ့ ဉာဏ်ပညာကြီးမားမှု၊ တစ်ဦးနဲ့ တစ်ဦး ရိုင်းပင်းကူညီဖေးမမှုတွေနဲ့ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်လှမ်းရာမှာ တွေ့ကြုံရမယ့် အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ ကျွန်မအကြွင်းမဲ့ ယုံကြည်ပါတယ်ရှင်။

**မေး ။ ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပါမောက္ခအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ကူးပြောင်းမှုကာလ အခက်အခဲများနဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီကူးပြောင်းရာမှာ အဓိက အကျဆုံးအခက်အခဲဟာ ဘယ်အရာလဲလို့ မြင်ပါသလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံကို အောင်မြင်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရာမှာ အဓိကအဟန့်အတားဖြစ်စေတဲ့ အကြောင်းရင်းကတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်နေသူအားလုံးရဲ့ အမြင်များကို လက်ခံဆွေးနွေးခြင်းမှာ အားနည်းတယ်လို့ ကျွန်မမြင်ပါတယ်။ တပ်မတော်အနေနဲ့ တိုင်းပြည်ကို ပါတီစုံဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရန် ကြိုးပမ်းနေသော်လည်း ပါတီများအနေနဲ့ အချင်းချင်း ဆွေးနွေးညှိနှိုင်းမှု အားနည်းနေတာကိုလည်း တွေ့ရပါတယ်။

ဒီမိုကရေစီရဲ့ အနှစ်သာရမှာ တစ်ပါတီ၊ တစ်မျက်နှာအတွက် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အများဆန္ဒကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်တယ်။ နိုင်ငံရေးဆိုင်ရာ ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရာမှာ ညှိနှိုင်းဆွေးနွေးခြင်းကသာ ကောင်းမွန်သောရလဒ်များ ရရှိနိုင်မယ်လို့ ကျွန်မ ပြောချင်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းမှုကို မရရှိရင် တိုင်းပြည်မှာ အပြစ်မဲ့တဲ့ပြည်သူတွေ သေဆုံးမှုတွေ၊ ဆင်းရဲဒုက္ခရောက်သူတွေ ပိုမိုများပြားလာနေဦးမှာပါ။ ဒါကြောင့် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရန် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန်၊ အကြမ်းဖက်လုပ်ဆောင်မှုများကို ရှောင်ရှားရန် အကြံပြုမှုတွေလည်း လုပ်ဆောင်ခဲ့ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ပညာရှင်တစ်ဦးအနေနဲ့ ရုရှား- မြန်မာ ခေတ်သစ်ဆက်ဆံရေး အခြေအနေအပေါ် သုံးသပ်ပေးစေလိုပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်စေရန် ဘာတွေလုပ်ဆောင်သင့်တယ်လို့ ထင်ပါသလဲ။**

ဖြေ ။ ။ ရုရှား- မြန်မာချစ်ကြည်ရေးက ၁၉၅၀ နှစ် ၁၉၆၀ လောက်ကတည်းက ကောင်းမွန်စွာ တည်ဆောက်ခဲ့ပြီး လက်ရှိအခြေအနေထိလည်း အထူးကောင်းမွန်ကြောင်းကို တွေ့ရှိရပါတယ်။ ၁၉၅၀-၁၉၆၀ ပြည့်နှစ်ဝန်းကျင်လောက်က ဆိုဗီယက်ပြည်ထောင်စုကနေ အင်ဂျင်နီယာတွေ၊ အခြားသော specialist တွေ မြန်မာနိုင်ငံမှာ မြန်မာ့စီးပွားရေးကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အလုပ်လုပ်ကိုင် ကူညီဆောင်ရွက်ပေးခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒ့ါအပြင် ရန်ကုန်မှာ ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်းယားလိတ်ဟိုတယ်၊ တောင်ကြီးမှာ စဝ်စံထွန်းဆေးရုံ စတာတွေလည်း တည်ဆောက်ပေးခဲ့တယ်။ လက်ရှိအခြေအနေမှာ တောင်ကြီးနဲ့မနီးမဝေးမှာ ရုရှားနည်းပညာ Romelt ကိုသုံးပြီး သတ္တုစက်ရုံတစ်ခု တည်ဆောက်နေတယ်လို့လည်း သိရှိရပါတယ်။ နှစ်နိုင်ငံခရီးသွားလာမှု အစီအစဉ်တွေလည်း တိုးတက်လာတဲ့ အခြေအနေ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ သာယာလှပတဲ့ရှုခင်းတွေနဲ့ သန့်ရှင်းလှပတဲ့ ကမ်းခြေတွေဟာ ရုရှားနိုင်ငံက ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်မှု ရှိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ဖို့အတွက် ရုရှားနိုင်ငံသားများအနေနဲ့ ဗီဇာလိုအပ်ခြင်း၊ မြန်မာနိုင်ငံသို့ တိုက်ရိုက်လေယာဉ်မရှိခြင်း စတဲ့အခက်အခဲများကို ကြုံတွေ့နေရပါတယ်။ အခြားနိုင်ငံများဖြစ်တဲ့ ထိုင်း၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စတဲ့နိုင်ငံတွေမှာတော့ ရုရှားနိုင်ငံသားများအတွက် Visa Free ပေးထားတာကို တွေ့ရှိရပါတယ်။ ထို့ကြောင့် အဲဒီနိုင်ငံတွေနဲ့ ခရီးသွားလုပ်ငန်းများ တိုးတက်လျက်ရှိပါတယ်။ ရုရှား- မြန်မာနှစ်နိုင်ငံအကြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရန် လိုအပ်တယ်လို့ မြင်ပါတယ်။ ရန်ကုန်မြို့မှာ Russian Center for Science and Culture ကို ဖွင့်လှစ်သွားဖို့ စီစဉ်ထားရှိပါတယ်။ ဒီလိုမျိုးဖွင့်လှစ်ခြင်းဖြင့် ရုရှားနိုင်ငံရဲ့ နည်းပညာများနဲ့ ယဉ်ကျေးမှုများကို မြန်မာနိုင်ငံသားများ လေ့လာခွင့်ရရှိမှာ ဖြစ်ပါတယ်။ မြန်မာလူမျိုးများအကြား ရုရှားဘာသာစကားနဲ့ ရုရှားနိုင်ငံရဲ့ ယဉ်ကျေးမှုများကို လေ့လာသိရှိခွင့်ရရှိပြီး မြန်မာနိုင်ငံမှာ ကျောင်းသားများ၊ ဘွဲ့လွန်ကျောင်းသားများ ရုရှားကို လာရောက်ပညာသင်ကြားရန် အခွင့်အရေးလည်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံမှာ မြန်မာနိုင်ငံအကြောင်း စိတ်ဝင်စားတဲ့သူ ဘယ်လောက်များများ ရှိပါသလဲ။ မြန်မာစာ၊ မြန်မာစကားကိုရော သင်ယူသူရှိပါသလား။**

ဖြေ ။ ။ အရှေ့တိုင်းယဉ်ကျေးမှုကို စိတ်ဝင်စားသူတွေမှာတော့ မြန်မာနိုင်ငံက လူသိများကြပါတယ်။ အထူးသဖြင့် မြန်မာ့ရိုးရာလက်ဝှေ့နဲ့ပတ်သက်ပြီး စိတ်ဝင်စားမှု ပိုမိုရရှိပါတယ်။ ရုရှားနိုင်ငံက အားကစားအဖွဲ့ချုပ်အောက်မှာ မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားတဲ့ ရုရှားနိုင်ငံသားများ ဖွဲ့စည်းထားတဲ့ မြန်မာ့လက်ဝှေ့အဖွဲ့ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ ရုရှားနိုင်ငံသား Artyom Serikov က မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး ပထမဆုံး မြန်မာ့လက်ဝှေ့ရွှေတံဆိပ်ဆုရ နိုင်ငံခြားသားဖြစ်တယ်။ ၂၀၁၉ ခုနှစ်မှာ Sacred Burma ကလပ်ကို ရုရှားမှာ ကြောင်ချစ်သူများအဖွဲ့မှ ဖွဲ့စည်းခဲ့ပါတယ်။ အသင်းဝင်များမှာ မြန်မာနိုင်ငံကလာသော ကြောင်မျိုးစိတ်နဲ့ ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။ မြန်မာနိုင်ငံက ကြောင်တစ်ကောင်ဟာ ရူဘယ် ၆ သောင်းနဲ့ ၈ သောင်းခန့် ရှိတတ်ပါတယ်။ ဒါကြောင့် လူကုံထံအသိုင်းအဝိုင်းမှသာ မြန်မာနိုင်ငံကကြောင်ကို မွေးမြူနိုင်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံအကြောင်းကို အရှေ့တိုင်းပညာရှင်များက စိတ်ဝင်စားပါတယ်။ ရုရှားနိုင်ငံရဲ့ မြို့ကြီးများဖြစ်ကြတဲ့ မော်စကိုနဲ့ စိန့်ပီတာစဘတ်မြို့များမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ လေ့လာနိုင်တဲ့ center များ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အရှေ့တောင်အာရှ၊ ဩစတြေးလျနဲ့ ပစိဖိတ်ဒေသဆိုင်ရာများကို ရုရှားသိပ္ပံအကယ်ဒမီကျောင်းမှာ အရှေ့တိုင်း လေ့လာရေးဌာနမှ ပြုလုပ်ပါတယ်။ မြန်မာဘာသာစကားကိုတော့ Moscow State University နဲ့ St. Petersburg State University တို့မှာ သင်ကြားပေးလျက်ရှိပါတယ်။ ရုရှား နိုင်ငံခြားရေးဝန်ကြီး လက်အောက်မှာရှိတဲ့ မော်စကို နိုင်ငံတကာဆက်ဆံရေးဌာန၊ မြန်မာဌာနခွဲ ဖွင့်လှစ်နိုင်ရန်ကိစ္စကို ဆွေးနွေးလျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ရုရှားသမ္မတ Mr. Putin စင်ကာပူနိုင်ငံကို အလည်အပတ် ခရီးအပြီးမှာ မြန်မာနိုင်ငံအပါအဝင် အာဆီယံ နိုင်ငံများအပေါ် ရုရှားနိုင်ငံသားတို့ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာပြီး ရုရှား- အာဆီယံဆက်ဆံရေးကလည်း ပိုမိုကောင်းမွန် တိုးတက်လာပြီး

**❐ မြန်မာနိုင်ငံရဲ့ သာယာလှပတဲ့ရှုခင်းတွေနဲ့ သန့်ရှင်းလှပတဲ့ ကမ်းခြေတွေဟာ ရုရှားနိုင်ငံက ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်မှု ရှိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ဖို့အတွက် ရုရှားနိုင်ငံသားများအနေနဲ့ ဗီဇာလိုအပ်ခြင်း၊ မြန်မာနိုင်ငံသို့ တိုက်ရိုက်လေယာဉ်မရှိခြင်း စတဲ့အခက်အခဲများကို ကြုံတွေ့နေရပါတယ်။**

*စာမျက်နှာ ၉ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲများ ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ ကြည့်ရှုအားပေးစဉ်။

**ယှဉ်ပြိုင်ကစား**

ယနေ့ပွဲစဉ်များအဖြစ် မွန်းလွဲ ၃နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် ကွင်း(၃) တို့တွင် ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ၃ဂိုး – ၁ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ၃ဂိုး – ၂ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့အတူ ဇူလိုင် ၂ ရက် မွန်းလွဲ ၃နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် ကွင်း(၃) တို့၌ ရှမ်းပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအား မြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**




ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် အသိပညာဖြန့်ဝေရေး (Knowledge Sharing Program – KSP) အစီအစဉ်အရ "ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ကြား ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် အပတ်စဉ်ဆွေးနွေးပွဲ အမှတ်စဉ် (၈)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က အာဆီယံ အဖွဲ့ကြီးကို နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် ရည်ရွယ် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ – ASEANSAI ကိုလည်း ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အဖွဲ့ဝင်ဖြစ်ကြောင်း၊ အပတ်စဉ်ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ပြဿနာများဖြေရှင်းခြင်း၊ အကောင်းဆုံးနည်းလမ်းရရှိခြင်း၊ ဆုံးဖြတ်ချက်ချရန် မှန်ကန်မြန်ဆန်စေခြင်း၊ တီထွင်မှုနှင့်တိုးတက်မှုကို အထောက်အကူပြုခြင်း၊ ဆောင်ရွက်မှု တိုးတက်လျင်မြန်ခြင်း၊ ထိတွေ့ဆက်ဆံမှု ကောင်းစေခြင်း၊ ထိန်းညှိ တည့်မတ်စေခြင်း၊ တွေးခေါ်ဆုံးဖြတ်မှု မြန်ဆန်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် စနစ်တကျ ကြိုးစား ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ထွန်းက "ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးအကြား ပူးပေါင်းဆောင်ရွက်မှု" နှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးအကြောင်း၊ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ခြင်းနှင့် ရရှိခဲ့သော အကျိုးကျေးဇူးများနှင့် ၂၀၂၁–၂၀၂၂ အတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးမှုများအပေါ် ဆွေးနွေးပွဲ တက်ရောက်သူများက မေးမြန်းဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲသည် အဋ္ဌမအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ဝန်ထမ်းများ ပညာရည် မြင့်မားရေးနှင့် လူ့စွမ်းအားမြှင့်တင်ရေးတို့အတွက် အပတ်စဉ် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

မဟာဗျူဟာမြောက် မိတ်ဖက်အဆင့်သို့ ရောက်ရှိလာခဲ့ပါတယ်။

**မေး ။ ။ ရုရှား–မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးဟာဆိုရင် ယခုနှစ်များအတွင်းမှာ သိသိသာသာတိုးတက်အောင်မြင်လာတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍမှာ ကြီးမားတဲ့အောင်မြင်မှုတွေကို တွေ့မြင်ခဲ့ကြရပါတယ်။ ဒီအောင်မြင်မှုတွေနဲ့ ပတ်သက်ပြီး ရုရှားဘက်အမြင်နဲ့ အခြားသော စီးပွားရေး၊ ယဉ်ကျေးမှု အစရှိတဲ့ ကဏ္ဍများကိုပါ တိုးချဲ့ဆောင်ရွက်သွားဖို့ အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။**

ဖြေ ။ ။ ရုရှား– မြန်မာဆက်ဆံရေး သိသာထင်ရှားစွာ တိုးတက်နေပါတယ်။ ကျွန်မပြောခဲ့သလိုပဲ ခရီးသွားလုပ်ငန်းကိစ္စက နှစ်နိုင်ငံပူးပေါင်းပြီး စီးပွားရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လေ့လာခြင်းတွေကို တိုးတက်အောင်ပြုလုပ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ရှေးဟောင်းအမွေအနှစ်များနဲ့ စိတ်ဝင်စားစရာ ယဉ်ကျေးမှု အမွေအနှစ်တွေ အများအပြား ရှိပါတယ်။ ပုဂံမှာရှိတဲ့ ရှေးဟောင်းဘုရားများဟာဆိုရင် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နိုင်တဲ့နေရာတစ်ခုဖြစ်ပါတယ်။ အင်းလေးဒေသဆိုရင်လည်း အင်းလေးကန်၊ အင်းလေးဒေသအလှအပနဲ့ အင်းသူ၊ အင်းသားတို့ရဲ့ နေထိုင်မှုပုံစံဟာဆိုရင်လည်း နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်မှုအပြည့်ရှိတဲ့နေရာဖြစ်တယ်။

မြို့ပြဆူညံမှုတွေကို ငြီးငွေ့နေတဲ့သူတွေအတွက်တော့ မြန်မာနိုင်ငံမှာ အရမ်းလှပတဲ့ ငွေဆောင်ကမ်းခြေနဲ့ ငပလီကမ်းခြေတို့ဟာလည်း နိုင်ငံခြားခရီးသွားများအတွက် အပန်းဖြေစရာနေရာကောင်းတွေ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ အစားအသောက်တွေကလည်း အရသာရှိပြီး ခရီးသွားများ ကြိုက်နှစ်သက်ကြပါတယ်။ ရုရှားခရီးသွားတွေကို အဓိကဆွဲဆောင်စေတာကတော့ ဗုဒ္ဓရဲ့ငြိမ်းချမ်းတဲ့ တရားဓမ္မများ ဖြစ်ပါတယ်။ ရုရှားနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေနဲ့ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေဟာ ကွဲပြားမှုရှိသော်လည်း တရားရှုမှတ်ခြင်းမှာတော့ တူညီကြတယ်လို့ ထင်ပါတယ်။ ရုရှားနိုင်ငံမှာ သတ်မှတ်ထားတဲ့ ဘာသာကြီးလေးခုအနက် ဗုဒ္ဓဘာသာပါဝင်ပါတယ်။ ဒါကြောင့် ရုရှားခရီးသွားများအနေနဲ့ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူများအတွက် မြန်မာနိုင်ငံမှာ လေ့လာစရာ များစွာရှိနေတာကလည်း ဆွဲဆောင်မှုတစ်ခုပင် ဖြစ်ပါတယ်။ နှစ်နိုင်ငံဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း လုပ်ဆောင်နိုင်ပါတယ်။

ဒါပေမယ့် အနောက်နိုင်ငံတွေနဲ့ ကမ္ဘာ့သတင်းမီဒီယာများက မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အပုပ်ချရေးသားမှုများ၊ မမှန်ကန်တဲ့သတင်းများနဲ့ မြန်မာနိုင်ငံအတွင်း ပြဿနာများဖြစ်စေဖို့ တက်ကြွစွာလှုံ့ဆော်မှုများ ရှိနေတယ်။ ဒါ့ကြောင့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံဟာ ခရီးသွားဖို့ လုံခြုံမှုမရှိဘူးလို့ထင်ကြတယ်။ အခြားတစ်ဖက်မှာတော့ ရုရှားနဲ့ မြန်မာနိုင်ငံသာ လက်နက်အရောင်းအဝယ် ကိစ္စကလွဲလို့ ကျန်တဲ့ အကျိုးစီးပွားပူးပေါင်းလုပ်ဆောင်တာမျိုး မရှိဘူးလို့ မြင်ကြတယ်။

**မေး ။ ။ မြန်မာနိုင်ငံအတွက် စကားလက်ဆောင်လေး ဖြည့်စွက်ပြီးတော့ ပြောပေးပါဦးရှင့်။**

ဖြေ ။ ။ အမှန်တကယ်တော့ သူတို့ထင်တာမဟုတ်ဘူးဆိုတာမျိုးကိုလည်း ရုရှားနိုင်ငံသားတွေကို ပြချင်တယ်။ မြန်မာလူမျိုးတွေ့ရဲ့ ရိုးသားပွင့်လင်းပြီး ရင်းနှီးဖော်ရွေမှုတွေကိုလည်း ပြချင်တယ်။ ဒါကြောင့် သမိုင်းအစဉ်အလာနဲ့ ယဉ်ကျေးမှု မြင့်မားတဲ့ ကျွန်မတို့နှစ်နိုင်ငံအနေနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်တာတွေ အများကြီးရှိပါတယ်။ လေ့လာစရာတွေလည်း အများကြီးရှိပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ရုရှား– မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေက ဒီထက်မက ပိုမိုတိုးတက်လာပြီး ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာတဲ့ အသီးအပွင့်တွေကို နှစ်နိုင်ငံခံစားရမယ်လို့လည်း အကြွင်းမဲ့ ယုံကြည်ပါတယ်။

# နိုင်ငံကို ရောင်းစားနေတဲ့ NUG

မျိုးငြိမ်းငယ်

**❂ အကြံပြုချက်တွေ အားလုံးကို ခြုံငုံကြည့်မယ်ဆိုရင် ရခိုင်ဒေသမှာဖြစ်ပွားနေတဲ့ ပြဿနာတစ်ရပ် ပြေလည်ရေးဆိုတာထက် ဘင်္ဂါလီတွေအတွက်နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက်က ပိုများပါတယ်။ ဒီတော့ ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်တွေကို အကောင်အထည်ဖော်နေတဲ့ NLD ရဲ့ ရည်ရွယ်ချက်ကို သုံးသပ်နိုင်ပါတယ်**

### အစပျိုးခြေလှမ်းများ

မတရားအသင်းအဖြစ် ကြေညာခံထားရပြီး ပြည်ပြေးတွေနဲ့ ဖွဲ့စည်းထားတဲ့ လေလှိုင်းပေါ်က အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ဟာ ဘင်္ဂါလီအရေးကိစ္စနဲ့ ပတ်သက်လို့ ၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်နေ့ ကြေညာချက်နောက်ပိုင်းမှာ ထပ်မံပြောဆိုဆောင်ရွက်တာတွေ လုပ်ဆောင်လာတာ တွေ့ရပါတယ်။ ဇွန်လ ၃ ရက်နေ့ ကြေညာချက်မှာ NUG က နိုင်ငံသားဖြစ်မှုဥပဒေကို ပြန်လည်သုံးသပ်မှာ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

သူတို့ကြေညာချက်မှာပါတာက ဘင်္ဂါလီတွေကို နိုင်ငံမဲ့အခြေအနေကို တွန်းပို့လိုက်တဲ့ အခြေခံအကြောင်းတရားတစ်ခုဖြစ်တဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို ဖျက်သိမ်းခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနဲ့ အသစ်ပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းပြီးချိန်မှာ လုပ်ဆောင်နိုင်တယ်လို့လည်း ဆိုပါတယ်။ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံမှာ ယခင်ကတည်းက အသိအမှတ်မပြုခဲ့တဲ့ အမည်ကိုလည်း အသုံးပြုသွားခဲ့ပါတယ်။ NLD လက်ထက်မှာတောင် အဲဒီအမည်ကို မသုံးခဲ့ပါဘူး။

အဲဒီကြေညာချက်မထွက်ခင် မေလ ၄ ရက်နေ့က အမေရိကန် နိုင်ငံခြားရေးရာကော်မတီမှာ NUG အနေနဲ့ ဘင်္ဂါလီတွေကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရေး ကတိကဝတ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းထုတ်ခဲ့ပါတယ်။ ဒီလိုမေးခွန်းထုတ်ခံရပြီးနောက် ဇွန်လ ၃ ရက်နေ့က NUG ရဲ့ကြေညာချက် ထွက်လာခဲ့တာပါ။ ဆက်လက်ပြီးလည်း ဘင်္ဂါလီဆိုင်ရာ နောက်ထပ်သတင်းတွေ၊ လုပ်ဆောင်ချက်တွေကို တွေ့မြင်နေရပါတယ်။

၂၀၂၁ ခုနှစ် ဇွန်လ ၄ ရက်နေ့ NUG ရဲ့သတင်းစာရှင်းလင်းပွဲမှာ NUG အနေနဲ့ ကာယကံရှင်တွေရဲ့ဆန္ဒကို လေးစားသောအားဖြင့် ရိုဟင်ဂျာလို့ အသုံးပြုခေါ်ဝေါ်တာဖြစ်ကြောင်း၊ NUG အနေနဲ့ နိုင်ငံသားဖြစ်ခွင့်ရှိသူတွေကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုမှာဖြစ်ပြီး တိုင်းရင်းသားအဖြစ် အသိအမှတ်ပြု၊ မပြုဆိုတာကတော့ နောက်ပိုင်းမှာ ဆက်လက်ဆွေးနွေးသွားဖို့လိုမယ်လို့ ဖြေကြားခဲ့တာတွေ့ရပါတယ်။

### ပထမအစီရင်ခံစာ

ဘင်္ဂါလီနဲ့ပတ်သက်လို့ NUG ရဲ့ ပြောဆိုချက်၊ လုပ်ဆောင်ချက်တွေဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ၊ နိုင်ငံတော်ရဲ့နယ်မြေ၊ တိုင်းရင်းသားတွေအပေါ် ထိခိုက်လာခြင်းပဲ ဖြစ်ပါတယ်။ ဘင်္ဂါလီအရေးကိစ္စဟာ ယခင်ကတည်းက ပြည်တွင်းကိစ္စရပ်တစ်ခုအနေနဲ့ ဖြစ်ပွားခဲ့ပေမယ့် နိုင်ငံတကာပြဿနာတစ်ရပ်လို ဖြစ်လာတာကတော့ NLD အစိုးရလက်ထက်မှာပဲ ဖြစ်ပါတယ်။

သမ္မတဦးသိန်းစိန်လက်ထက်မှာ ၂၀၁၂ ခုနှစ် ပဋိပက္ခကြောင့် ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ကော်မရှင်အနေနဲ့ ၂၀၁၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ကော်မရှင်ကို ဒေါက်တာမျိုးမြင့်အပါအဝင် အဖွဲ့ဝင် ၂၅ ဦးပါဝင်ပါတယ်။ အဖွဲ့ဝင်တွေထဲမှာ မြန်မာနိုင်ငံသား ပညာရှင်တွေ၊ ဘာသာမတူတဲ့သူတွေ၊ တိုင်းရင်းသားတွေ၊ နိုင်ငံရေးမတူကွဲပြားသူတွေနဲ့ ဖွဲ့စည်းခဲ့တာတွေ့ရပါတယ်။ ဒါဟာ ပြဿနာတစ်ရပ်ဖြေရှင်းရာမှာ အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးနဲ့ ချဉ်းကပ်နိုင်ဖို့နဲ့ ပြဿနာတစ်ရပ်ရဲ့ အဖြေမှန်ကိုချဉ်းကပ်နိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ အဲဒီလို မတူညီမှုတွေနဲ့ ပေါင်းစည်းထားတဲ့ ကော်မရှင်ရဲ့ အစီရင်ခံစာမှာ ဘင်္ဂါလီပြဿနာ ရေတို၊ ရေရှည်ဖြေရှင်းရေးအတွက် အရင်းခံအကြောင်းတရားတွေကို ဖော်ထုတ်ထားပြီး ကဏ္ဍပေါင်းစုံအကြံပြုချက်တွေ တင်ပြခဲ့ပါတယ်။

### ဒုတိယအစီရင်ခံစာ

NLD အစိုးရလက်ထက်မှာ ဘင်္ဂါလီအရေးနဲ့ပတ်သက်လို့ ဦးသိန်းစိန် အစိုးရလက်ထက်က အစီရင်ခံစာပါ အကြံပြုချက်တွေကို ဆက်လက်အကောင်အထည်ဖော်ဖို့ လျစ်လျူရှုခဲ့ပြီး ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အကြံပေးကော်မရှင် စတင်ဖွဲ့စည်းကတည်းက ကိုဖီအာနန်အပါအဝင် နိုင်ငံခြားသားပါဝင်ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး အကြံပေးကော်မရှင်ကို ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်တွေနဲ့သာ ဖွဲ့စည်းဆောင်ရွက်ဖို့ ၂၀၁၈ ခုနှစ် ဇွန်လ ၁၁ ရက်နေ့ ကျင်းပတဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ အဆိုတင်သွင်းဆွေးနွေးခဲ့ပေမယ့် မဲခွဲဆုံးဖြတ်ရာမှာ အဆိုရှုံးနိမ့်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် လွှတ်တော်မှာတော့ အလားတူ အဆိုအောင်မြင်ပြီး အကြံပေးကော်မရှင်ကို လက်ခံအသိအမှတ်မပြုဘဲ သပိတ်မှောက်ခဲ့ကြပါတယ်။

### အကောင်အထည်ဖော်လာခြင်း

အကြံပေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်မှုနဲ့ပတ်သက်လို့ လွှတ်တော်မှာ ထိုအချိန်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကောင်မရှင်အနေနဲ့ အကြံပြုရုံသာ လုပ်ဆောင်နိုင်ပြီး အကြံပြုချက်တွေကို လုပ်ဆောင်ခြင်းဟာ အစိုးရအပေါ်မှာသာ မူတည်တာကြောင့် စိုးရိမ်စရာမရှိဘူးလို့ ပြောကြားခဲ့ပေမယ့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ (၃၇) ကြိမ်မြောက် အဆင့်မြင့်ကဏ္ဍအစည်းအဝေးမှာ ထိုအချိန်က အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေကို လမ်းပြမြေပုံအဖြစ် အကောင်အထည်ဖော်လျက်ရှိရာ တိုးတက်မှုတွေ ရရှိနေကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့အစီရင်ခံစာမှာဆိုရင် ၁၉၈၂ နိုင်ငံသားဥပဒေကို ပြန်လည်ပြင်ဆင်တဲ့လုပ်ငန်းစဉ် စတင်ဖို့နဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းပါအတိုင်း ဆောင်ရွက်ဖို့ အချက်များပါဝင်ပါတယ်။ ဒ့ါအပြင် လွတ်လပ်စွာသွားလာခွင့်၊ NGO တွေ လွတ်လပ်စွာ ဆောင်ရွက်ခွင့်၊ သတင်းရယူခွင့်ဆိုတဲ့ အချက်တွေကိုလည်း အကြံပြုထားပါတယ်။

**အကြံပြုချက်တွေအားလုံးကို ခြုံငုံကြည့်မယ်ဆိုရင် ရခိုင်ဒေသမှာဖြစ်ပွားနေတဲ့ ပြဿနာတစ်ရပ် ပြေလည်ရေးဆိုတာထက် ဘင်္ဂါလီတွေအတွက်နဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေအတွက်က ပိုများပါတယ်။ ဒီတော့ ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်တွေကို အကောင်အထည်ဖော်နေတဲ့ NLD ရဲ့ ရည်ရွယ်ချက်ကို သုံးသပ်နိုင်ပါတယ်။**

အကြံပြုချက်မှာပါတဲ့ ကလေးသူငယ်အခွင့်အရေးဥပဒေကို ၂၀၁၉ ခုနှစ် ဇွန်လ ၇ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ကန့်ကွက်မှုတွေကြားက NLD မဲအများစုနဲ့ အတည်ပြုခဲ့ပါတယ်။ ဒီပြင်ဆင်ချက်ထဲမှာ နိုင်ငံတော်အတွင်းမွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံမှု မရှိစေဘဲ အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်ချက်ဟာ ကိုဖီအာနန်အကြံပြုချက်တွေအတိုင်းပဲ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်ဟာ ၁၉၈၂ နိုင်ငံသားဥပဒေကို လွှမ်းမိုးပယ်ဖျက်လိုက်ခြင်း ဖြစ်ပါတယ်။

### နိုင်ငံတကာဖိအား

NLD အစိုးရလက်ထက်မှာ ဘင်္ဂါလီအရေးကိစ္စဟာ နိုင်ငံတကာပြဿနာတစ်ရပ် ဖြစ်လာပါတယ်။ ဒ့ါအပြင် ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာဟာ ဘင်္ဂါလီအရေးထောက်ခံဆောင်ရွက်နေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံတွေရဲ့ လိုလားချက်တွေနဲ့ ကိုက်ညီနေတာ တွေ့ရပါတယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာကျင်းပတဲ့ (၂၇) ကြိမ်မြောက် အထူးအစည်းအဝေး အစီရင်ခံစာမှာ အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အားလုံးကို အကောင်အထည်ဖော်ဖို့ မြန်မာအစိုးရရဲ့ကတိပြုမှုကို ကြိုဆိုကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်ရေး၊ လွတ်လပ်စွာ သွားလာရေး၊ နိုင်ငံသားမဟုတ်တဲ့သူတွေအတွက်အထောက်အထား စာရွက်စာတမ်းရရှိရေး၊ မြန်မာအစိုးရရဲ့ အကောင်အထည်ဖော်မှုကို နိုင်ငံတကာ အသိုက်အဝန်းနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေက ထောက်ပံ့ပေးရေးတွေအပြင် ဘင်္ဂါလီတွေကို နိုင်ငံရေးအခွင့်အရေးတွေအပါအဝင် အခြားဆက်စပ်တဲ့အခွင့်အရေးတွေ ရရှိရေး၊ နိုင်ငံသားအခွင့်အရေး ပြည့်ဝစွာရရှိရေးနဲ့ ၁၉၈၂ နိုင်ငံသားဥပဒေပြင်ဆင်ရေးတွေကိုတောင်းဆိုထားပါတယ်။

ဒါတွေဟာ ကိုဖီအာနန်အကြံပေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်ပြီးနောက်ပိုင်း ဖြစ်လာတဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ၊ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေကတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေးစတဲ့ နည်းလမ်းပေါင်းစုံနဲ့ ဖိအားပေးနေတာပါ။ ကုလသမဂ္ဂနဲ့ လုံခြုံရေးကောင်စီကတစ်ဆင့် ဖိအားပေးတာတွေ၊ လူ့အခွင့်အရေးကောင်စီကတစ်ဆင့် ဖိအားပေးတောင်းဆိုတာတွေ အမျိုးမျိုးပါ။ ဒ့ါအပြင် ICC ကတစ်ဆင့် ဖိအားပေးပြီး အခုနောက်ဆုံးမှာ ICJ ကတစ်ဆင့် ဖိအားပေးနေပါတယ်။ ၅၇ နိုင်ငံပါဝင်တဲ့ OIC ရဲ့အထောက်အပံ့နဲ့ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အမှုဖွင့်ထားပါတယ်။

### လက်ဆင့်ကမ်းအကောင်အထည်ဖော်

အထက်မှာဖော်ပြခဲ့သလို နိုင်ငံတကာက ဖိအားပေးတောင်းဆိုတာတွေနဲ့ NLD အစိုးရရဲ့ လုပ်ဆောင်ချက်တွေ ထပ်တူညီနေတာတွေဟာ တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူး။ အခုလည်း NUG က NLD ရဲ့မပြီးသတ်သေးတဲ့ကိစ္စကို ဆက်လက်ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဘာကြောင့် NLD နဲ့ NUG က ဘင်္ဂါလီအရေးကို ဒီလောက်ဆောင်ရွက်ရသလဲဆိုတဲ့ အရင်းခံအကြောင်းတရားကို သုံးသပ်ကြည့်ဖို့ လိုပါလိမ့်မယ်။ NLD ဟာ အာဏာတည်မြဲဖို့နဲ့ ငွေကြေးအထောက်အပံ့ ရရှိဖို့အတွက် OIC နဲ့ အင်အားကြီးနိုင်ငံတွေရဲ့ လိုလားချက်အတိုင်း အကောင်အထည်ဖော်နေတယ်လို့ ခန့်မှန်းနိုင်ပါတယ်။ OIC နဲ့ အင်အားကြီးနိုင်ငံတွေကလည်း NLD ကိုအသုံးချပြီး ဘင်္ဂါလီတွေအရေး၊ နိုင်ငံရေး၊ ပထဝီနိုင်ငံရေးတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေကြတာပါ။

**“NLD အစိုးရလက်ထက်မှာ ဘင်္ဂါလီအရေးကိစ္စဟာ နိုင်ငံတကာပြဿနာတစ်ရပ် ဖြစ်လာပါတယ်။ ဒ့ါအပြင် ကိုဖီအာနန်အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာဟာ ဘင်္ဂါလီအရေးထောက်ခံဆောင်ရွက်နေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံတွေရဲ့ လိုလားချက်တွေနဲ့ ကိုက်ညီနေတာ တွေ့ရပါတယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာကျင်းပတဲ့ (၂၇)ကြိမ်မြောက် အထူးအစည်းအဝေး အစီရင်ခံစာမှာအကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အားလုံးကို အကောင်အထည်ဖော်ဖို့ မြန်မာအစိုးရရဲ့ကတိပြုမှုကို ကြိုဆိုကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်ရေး၊ လွတ်လပ်စွာသွားလာရေး၊ နိုင်ငံသားမဟုတ်တဲ့သူတွေအတွက် အထောက်အထား စာရွက်စာတမ်းရရှိရေး၊ မြန်မာအစိုးရရဲ့ အကောင်အထည်ဖော်မှုကို နိုင်ငံတကာ အသိုက်အဝန်းနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေက ထောက်ပံ့ပေးရေးတွေအပြင် ဘင်္ဂါလီတွေကို နိုင်ငံရေးအခွင့်အရေးတွေအပါအဝင် အခြားဆက်စပ်တဲ့ အခွင့်အရေးတွေရရှိရေး၊ နိုင်ငံသားအခွင့်အရေး ပြည့်ဝစွာရရှိရေးနဲ့ ၁၉၈၂ နိုင်ငံသား ဥပဒေပြင်ဆင်ရေးတွေကို တောင်းဆိုထားပါတယ်”**

*စာမျက်နှာ ၁၁ သို့*



## ရောဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြန်အောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြစ်ကမ်းထိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြန်အောင် ဇူလိုင် ၁**

ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၂၈ရက်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြစ်ကမ်းထိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်း၊ ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်သည့် အသေးစား ဆိုလာလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးနေထက်ရှိန်နှင့် ကုမ္ပဏီမှတာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သော အသေးစားဆိုလာလျှပ်စစ်စီမံကိန်းကြောင့် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနှင့် ရေတာကျေးရွာတို့ရှိ အိမ်ခြေ ၂၉၈ အိမ်၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဆေးခန်းတစ်ခန်း မီးသွယ်တန်းပြီး ဧပြီ ၂၁ ရက်မှစ၍ မီးစတင်ပေးဝေ အသုံးပြုလျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံ မြစ်ကမ်းထိန်းလုပ်ငန်း၊ သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုများကိုကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးစိန်လွင်နှင့် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်ဆွေတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိုးရာသီ ရောဝတီမြစ်ရေကြီးချိန် ရေကာတာများကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မြန်အောင်မြို့နယ် ကန်စွန်းခုံမြစ်ရေတင်စီမံကိန်းမှ ကျေးလက်ဒေသ မီးလင်းရေးဆောင်ရွက်နိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး ကန်စွန်းခုံကျေးရွာအုပ်စု ကုန်းတလုံးကျေးရွာရှိ တောင်သူ ဦးသက်ဆွေဝင်းနှင့် တောင်သူရှစ်ဦးတို့၏ မိုးမြေပဲ စံပြ ဧက ၅၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ပညာသင်ကြားနေမှု စစ်ဆေး

**စစ်တွေ ဇူလိုင် ၁**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇွန် ၃၀ ရက်က စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (ရေတပ်) ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား လက်ရှိနိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုအခြေအနေ၊ ရောဂါကာကွယ် ထိန်းချုပ်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ မျက်နှာအကာများအား ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ မြောက်စံပြရပ်ကွက်ရှိအခြေခံပညာမူလတန်းကျောင်း စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်ရှိအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

NLD နဲ့ NUG အနေနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီး ဘင်္ဂါလီအရေးကို အကောင်အထည်ဖော်နေတာဟာ နိုင်ငံတော်အချုပ်အခြာအာဏာ၊ နိုင်ငံတော်နယ်မြေ၊ မိမိတို့တိုင်းရင်းသားတွေအပေါ် သစ္စာဖောက်တဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ NUG ရဲ့ ကြေညာချက်ထွက်လာတဲ့အချိန်မှာ ဒေသခံတိုင်းရင်းသားတွေဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေက ကန့်ကွက်ခဲ့ကြပါတယ်။ NUG အနေနဲ့ တည်ငြိမ်စပြုနေတဲ့ပြဿနာကို ပိုမိုရှုပ်ထွေးအောင်လုပ်နေတာလို့ ရှုမြင်ကြောင်း ALP ပါတီက ဇွန်လ ၆ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။

### အရင်းခံအကြောင်းတရား

NUG အနေနဲ့ လူ့အခွင့်အရေးတွေ ဘယ်လိုပဲ အကြောင်းပြပြ အခုချိန်မှာ ဘင်္ဂါလီကိစ္စကို သူတို့အကျိုးစီးပွားအတွက် အသုံးချနေခြင်းသာ ဖြစ်ပါတယ်။ NLD နဲ့ NUG အနေနဲ့ လူ့အခွင့်အရေးလို့ ဆိုနေကြပေမယ့် ဘာကြောင့် ဘင်္ဂါလီတွေအတွက်ပဲ ဦးတည်နေကြတယ်ဆိုတာ စဉ်းစားစရာပါ။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ လူ့အခွင့်အရေးကိုတော့ ဘာကြောင့်အလေးမထားတာလဲဆိုတာလည်း စဉ်းစားစရာပါ။ လူ့အခွင့်အရေးလို့ဆိုနေကြတဲ့နိုင်ငံတွေမှာ လေ့စီးဒုက္ခသည်တွေ၊ ပြည်ပက ခိုးဝင်သူတွေကို လူ့အခွင့်အရေးအရ အဲဒီနိုင်ငံတိုင်းကလက်ခံပြီး နိုင်ငံသားဖြစ်ခွင့် ပေးကြသလားဆိုတာကိုလည်း သတိပြုဖို့လိုပါတယ်။

> ❐ **NLD နဲ့ NUG အနေနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီး ဘင်္ဂါလီအရေးကို အကောင်အထည်ဖော်နေတာဟာ နိုင်ငံတော် အချုပ်အခြာအာဏာ၊ နိုင်ငံတော်နယ်မြေ၊ မိမိတို့တိုင်းရင်းသား တွေအပေါ် သစ္စာဖောက်တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ NUG ရဲ့ ကြေညာချက်ထွက်လာတဲ့အချိန်မှာ ဒေသခံတိုင်းရင်းသားတွေ ဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေက ကန့်ကွက်ခဲ့ကြပါတယ်။ NUG အနေနဲ့ တည်ငြိမ်စပြုနေတဲ့ပြဿနာကို ပိုမိုရှုပ်ထွေး အောင်လုပ်နေတာလို့ ရှုမြင်ကြောင်း ALP ပါတီက ဇွန်လ ၆ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်**

လူသားတစ်ယောက်ရဲ့ လူ့အခွင့်အရေးဆိုတာ နားလည်လက်ခံပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီး ကိုယ်ကျိုးအတွက် အသုံးချတာ၊ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ ထိပါးတာကိုတော့ လက်ခံလို့မရပါဘူး။ နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်ရှိမှုနဲ့ လူ့အခွင့်အရေးအကြား တစ်ဖက်သတ်ဆုံးဖြတ်လို့မရနိုင်ပါဘူး။

အခုလည်း NUG က ဘင်္ဂါလီတွေကို လူ့အခွင့်အရေးအကြောင်းပြပြီး ပြည်ပက ကြိုးဆွဲတိုင်းတရားမဝင်တဲ့အမည်ကို အသိအမှတ်ပြုပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြင်ဖို့၊ နိုင်ငံသားဖြစ်ခွင့်ပေးဖို့ လုပ်နေတာဟာ သူတို့လိုအပ်နေတဲ့ ငွေကြေးတွေ၊ နိုင်ငံခြားအကူအညီနဲ့ ထောက်ခံမှုတွေ ရရှိဖို့အတွက် လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။

### နိုင်ငံသားခံယူခွင့်

NUG ဟာ အသက်ဆက်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံကိုရောင်းစားပြီး ငွေကြေးရှာဖို့ လုပ်ဆောင်နေတာပါ။ လူ့အခွင့်အရေးဆိုတာထက် သူတို့ကိုယ်ကျိုးစီးပွားအခွင့်အရေးနဲ့ အာဏာရရှိရေးအတွက်ပဲ ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဟာ ဘယ်သူ့ကို နိုင်ငံသားပေးမယ်၊ ဘယ်သူ့ကို နိုင်ငံသား မပေးဘူးဆိုတဲ့ တစ်ဦးတစ်ယောက်၊ လူတစ်စုအတွက် ရေးဆွဲပြဋ္ဌာန်းထားတာ မဟုတ်ပါဘူး။ အခြားနိုင်ငံသားတစ်ဦးက မြန်မာနိုင်ငံသားဖြစ်ချင်တယ်ဆိုရင်၊ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေနဲ့ ကိုက်ညီမယ်ဆိုရင် နိုင်ငံသားခံယူခွင့်ရှိပါတယ်။

ဒီလိုမဟုတ်ဘဲ အခြားနိုင်ငံသားတစ်ဦး မြန်မာနိုင်ငံသားဖြစ်ဖို့အတွက် မိမိနိုင်ငံရဲ့ တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ပေးဖို့ အကြံပြုတယ်၊ တိုက်တွန်းတယ်၊ အကောင်အထည်ဖော်တယ်ဆိုတာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးခြင်းလို့ သတ်မှတ်ရမှာပါ။ ဘယ်သူမဆို ကိုယ်ကျိုးစီးပွားအတွက် ဘင်္ဂါလီမှမဟုတ်ပါဘူး၊ ဘယ်နိုင်ငံသားကိုမဆို မြန်မာနိုင်ငံသားပေးဖို့အတွက် မိမိနိုင်ငံရဲ့တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ဖို့ ကြိုးစားလာမယ်ဆိုရင် အမျိုးသားရေးအနေနဲ့ ကာကွယ်ကြရမှာ နိုင်ငံသားတိုင်းရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ

၂။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးမှတ်တမ်း

၄။ (၃၇)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ အဆင့်မြင့်ကဏ္ဍအစည်းအဝေး

၅။ Report of the Human Rights Council on its twenty-seventh special session

# အလုပ်သမားညီလာခံကို အသုံးမချပါနဲ့. . .

မင်းပြည့်စုံ

မကြာမီက ကျင်းပပြီးစီးခဲ့သည့် (၁၀၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၌ မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်းတစ်စောင်ကို ဇွန်လ ၁၉ ရက်နေ့က အတည်ပြုခဲ့သည်ကို သိရှိရပါသည်။

ထိုစာတမ်းမှာ Resolution for a return to democracy and respect for fundamental rights in Myanmar ဖြစ်ပြီး မြန်မာနိုင်ငံမျက်ကွယ်၌ လိုရာရေးဆွဲထားသည့် မမှန်ကန်သည့် အချက်အလက်များကို ရယူသုံးစွဲအတည်ပြုခဲ့သည်ကို မြင်တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါမူကြမ်းချမှတ်ခဲ့ခြင်းကို ပြင်းထန်စွာ ကန့်ကွက်ပယ်ချမှုကို ဇွန် ၂၂ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါမူကြမ်းသည် လက်ရှိ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေမှန်ကို မထင်ဟပ်သည့် မူကြမ်းတစ်စောင်သာဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် အလုပ်သမားညီလာခံကို အသုံးချလိုက်ခြင်းသာဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် ILO ၏ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံများကို မပျက်မကွက် တက်ရောက်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်အထိ ဖြစ်ပါသည်။

ထိုသို့ နှစ်စဉ်တက်ရောက်ခွင့်ရရှိရန်နှင့် မြန်မာ အလုပ်သမားများအရေးကိစ္စများအတွက် သက်ဆိုင်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကမကထပြု၍ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များကို သတ်မှတ်ချိန်အတွင်း ရွေးချယ်ပေးနိုင်ရန်အတွက် လွတ်လပ်စွာရွေးချယ်အဆိုပြု ပါဝင်ခွင့်ရဖို့ သက်ဆိုင်ရာအလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ကာ နှစ်စဉ်ကြိုးစားပေးခဲ့သည်ကိုလည်း အလုပ်သမားအဖွဲ့အစည်းတိုင်း သိရှိထားပြီး ဖြစ်ပါသည်။

ယခုနှစ်တွင်မူ မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်များမပါဝင်သည့် (၁၀၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အဆိုမူကြမ်းကို တစ်ဖက်သတ်ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မူကြမ်းတွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများနှင့် အကြမ်းဖက်ဆူပူသူများကို ရောနှော၍ သုံးနှုန်းထားသည်ကိုလည်း မြင်တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် ဖြစ်စဉ်အစမှအဆုံး တိကျသည့် ကိန်းဂဏန်းများ၊ ဖြစ်စဉ်တစ်ခုချင်းအတွက် ရှင်းလင်းဖြေကြားချက်များ များစွာပြုလုပ်ခဲ့သော်လည်း ယင်းအချက်အလက်များကိုမူ လျစ်လျူရှု၍ ထည့်သွင်းဖော်ပြထားခြင်းမရှိခဲ့ပါ။ ထို့အတူ နိုင်ငံ့ဝန်ထမ်းများနှင့် ငြိမ်းချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများ ခြိမ်းခြောက်ခံနေရခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခံနေရခြင်းနှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် နှောင့်ယှက်ဟန့်တားနေခြင်းတို့အပေါ်တွင်မူ အဆိုပါမူကြမ်းက မသိကျိုးကျွံပြုထားသည်ကို မြင်တွေ့ရပါသည်။

အိုင်လ်အယ်အို၏စည်းမျဉ်းများအရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသည် သက်ဆိုင်ရာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များ တက်ရောက်ကြရပြီး နိုင်ငံတစ်နိုင်ငံ၏ အလုပ်သမားရေးရာကိစ္စရပ်များအပေါ် နှီးနှောတိုင်ပင်ခြင်း၊ အကြံဉာဏ်များမျှဝေခြင်းနှင့် ဘုံသဘောတူညီချက်များ ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ကြသည့် ညီလာခံတစ်ခုလည်းဖြစ်ပါသည်။ သို့သော် ယခုကျင်းပခဲ့သည့် (၁၀၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင်မူ မိမိတို့မြန်မာနိုင်ငံမှ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ အားလုံးမပါဝင်ဘဲ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များ တက်ရောက်ခွင့်မရရန် မဟုတ်မမှန်သည့် သတင်းများကို အသုံးပြု၍ နည်းမျိုးစုံသုံး၍ ဟန့်တားခဲ့ကြသည်ကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ရပါသည်။

> ◆ **အိုင်လ်အယ်အို၏ စည်းမျဉ်းများအရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသည် သက်ဆိုင်ရာအစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ကိုယ်စားလှယ်များ တက်ရောက်ကြရပြီး နိုင်ငံတစ်နိုင်ငံ၏ အလုပ်သမားရေးရာကိစ္စရပ်များအပေါ် နှီးနှောတိုင်ပင်ခြင်း၊ အကြံဉာဏ်များမျှဝေခြင်းနှင့် ဘုံသဘောတူညီချက်များ ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ကြသည့် ညီလာခံတစ်ခုလည်းဖြစ်၊ သို့သော် ယခုကျင်းပခဲ့သည့် (၁၀၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင်မူ မိမိတို့မြန်မာနိုင်ငံမှ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များအားလုံးမပါဝင်ဘဲ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များ တက်ရောက်ခွင့်မရရန် မဟုတ်မမှန်သည့် သတင်းများကို အသုံးပြု၍ နည်းမျိုးစုံသုံး၍ ဟန့်တားခဲ့ကြသည်ကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ရ**

ပြီးခဲ့သည့်လအနည်းငယ်အတွင်းအလုပ်ရုံ၊စက်ရုံများအား မီးရှို့ဖျက်ဆီးခြင်း၊ အလုပ်သမားများ လုပ်ငန်းခွင်မဝင်ရောက်နိုင်ရန် နှောင့်ယှက်ဟန့်တားခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်မှ စနစ်တကျကိုင်တွယ်ဖြေရှင်းခဲ့သည်မှာ မိမိတို့ ပြည်သူများအားလုံးအသိပင် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအရေးနှင့်သက်ဆိုင်သည့် အဆိုပါ အဆိုပြုမူကြမ်းတွင်မူ ယင်းသို့သော အကြမ်းဖက်ကိစ္စရပ်များကို ထည့်သွင်းပါဝင်ခြင်းမပြုခြင်းသည် မမျှတသည့် အဆိုမူကြမ်းပင်ဖြစ်ပါသည်။ မိမိတို့ ပြည်သူအများစုသည် နိုင်ငံရေးအမြင်ကွဲပြားမှုများ မည်မျှပင်ရှိပါစေ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို လိုလားကြသူများ ဖြစ်ပါသည်။ မိမိတို့နိုင်ငံ အရေးကိစ္စကို ဘက်ပေါင်းစုံထောင့်ပေါင်းစုံမှ စေ့ငုခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲပြောဆိုခြင်းနှင့် မိမိတို့ နိုင်ငံ၏ အလုပ်သမားအရေးကိစ္စများကို သုံးသပ်ရာတွင်လည်း သုံးပွင့်ဆိုင်ပါဝင်ခွင့်မပေးဘဲ တစ်ဖက်သတ်သဘောထားသာဖြစ်သည်ဟု ယူဆရပါလိမ့်မည်။

မိမိတို့နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကြောင့် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ စိတ်မအေးကြရဘဲ အပြစ်မဲ့ပြည်သူနှင့် ဝန်ထမ်း ၁၇၀ ကျော်ခန့် အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသကဲ့သို့ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင် ၈၀ ကျော် အသက်ဆုံးရှုံးခဲ့သည်ကိုလည်း မြင်တွေ့ရမည် ဖြစ်ပါသည်။

မတရားစွပ်စွဲပြစ်တင်၍ မိမိတို့နိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်ရန် အသုံးချခံရသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကြီးကို မြင်ရသည့်အတွက် စိတ်မသက်မသာဖြစ်ရပြီး မိမိတို့ နိုင်ငံအတွက်၊ မိမိတို့အလုပ်သမားများအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ မှန်ကန်မျှတသည့် အတွေးအခေါ်နှင့် လုပ်ရပ်များကိုသာ မျှော်လင့်လျက်ရှိပါကြောင်း အလုပ်သမားတစ်ဦး၊ ပြည်သူတစ်ဦးအနေဖြင့် တင်ပြလိုက်ရပါသည်။

---

# နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးဇေယျာလင်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးပွင့်ဟန်၊ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်နှင့် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိနိုင်စေရန်နှင့် နေပြည်တော်အတွင်း ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ခွင့်ပြုနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့ရေးကို အလေးထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးပွင့်ဟန်က နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုအမွေ ဖူဂျီတောင်ကို တောင်တက်သမားများအတွက် နှစ်နှစ်အတွင်း ပထမဆုံးဖွင့်လှစ်



ဂျပန်နိုင်ငံရှိ ဖူဂျီတောင်ကို တွေ့ရစဉ်။

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံ၏ယဉ်ကျေးမှုအမွေ အမြင့်ဆုံးတောင်တစ်ခုဖြစ်သော ဖူဂျီတောင်ကို နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တောင်တက်သမားများအတွက် ဖွင့်လှစ်ပေးလိုက်သည်။

ယာမာနာရှီခရိုင်မှစတင်သည့် တောင်တက်လမ်းကြောင်းနှင့် ဇီဇူအိုကာခရိုင်မှ စတင်သည့် တောင်တက်လမ်းကြောင်းတို့ကို ဇူလိုင် ၁ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ကိုဗစ်-၁၉ ဆန့်ကျင်ရေးဆိုင်ရာတင်းကျပ်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ရင်း ယာမာနာရှီခရိုင်မှ အာဏာပိုင်များနှင့် အကူအညီပေးရေးအဖွဲ့ဝင်များပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် တောင်တက်သမားများကို ကြိုဆိုရာတွင် စက်တင်ဘာ ၁၀ ရက်အထိ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်သည်။

တောင်တက်သမားများသည် ဖူဂျီ-ဆူဘာရူလိုင်း စစ်ဆေးရေးဂိတ်လမ်းကြောင်းတွင် ၎င်းတို့၏ အခြေအနေ၊ ကိုယ်ပူချိန် ရှိ၊ မရှိတို့ကို ရပ်တန့်စစ်ဆေးခံရမည်ဖြစ်သည်။ အဆိုပါ စစ်ဆေးရေးဂိတ်တည်ရှိရာလမ်းကြောင်းသည် ဖူဂျီတောင်၏ ငါးခုမြောက်တောင်ခြေစခန်းသို့ဦးတည်သည့် လမ်းကြောင်းဖြစ်သည်။ ငါးခုမြောက်နှင့် ခြောက်ခုမြောက်တောင်ခြေစခန်းများတွင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကို လုပ်ဆောင်ရမည်ဖြစ်သည်။

အာဏာပိုင်များသည်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည့်အချိန်တွင် တောင်တက်သမားများကို စီမံခန့်ခွဲရာ၌ ပိုမိုခက်ခဲသည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**

# ဖလော်ရီဒါ အထပ်မြင့်အဆောက်အအုံပြိုကျမှုတွင် သေဆုံးသူ ၁၈ ဦးအထိ မြင့်တက်လာ



၁၂ ထပ် လူနေအဆောက်အအုံပြိုကျပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

**ဖလော်ရီဒါ ဇူလိုင် ၁**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဆာ့ဖ်ဆိုက်မြို့ရှိ အထပ်မြင့်လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် သေဆုံးသူဦးရေမှာ ကလေးငယ်နှစ်ဦး၏ ရုပ်အလောင်းကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပြီးနောက် ၁၈ ဦးအထိ မြင့်တက်လာခဲ့ပြီ ဖြစ်ကြောင်း ဒေသအာဏာပိုင်များက ဇွန် ၃၀ ရက်က ကြေညာလိုက်သည်။

အုတ်ပုံများကြားတွင် နောက်ထပ် လူသေအလောင်းနှစ်လောင်း ထပ်မံတွေ့ရှိခဲ့ကြောင်း ပြောပြရမှာ စိတ်မကောင်းဖြစ်ကြောင်း မီယာမီဒိတ်စီရင်စုမှ ဗိုလ်မှူးဒန်နီလာလီဗိုင်းကာဗာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သေဆုံးသွားသူများမှာ ကလေးနှစ်ဦးဖြစ်သည်ဆိုသည်ကို မိမိအနေဖြင့် အသိပေးပြောကြားရမည့်အတွက် တကယ့်ကို စိတ်မကောင်းဖြစ်မိပြီး တကယ့်ကို နာကျင်ရပါသည်ဟု ကာဗာက ဆက်လက်ပြောကြားခဲ့သည်။

မမျှော်လင့်ဘဲ အခုလို အသက်ဆုံးရှုံးခဲ့ရသည့်အတွက် တကယ့်ကို ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် ကလေးငယ်များအသက်ဆုံးရှုံးခဲ့ရသည့်အတွက် ပိုလို့တောင်မခံမရပ်နိုင်ဖြစ်မိသည်ဟု ၎င်းက ဆက်လက်ပြောသည်။

အဆောက်အအုံပြိုကျရသည့် အကြောင်းရင်းကို စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ အမျိုးသားအင်စတီကျု(အင်န်အိုင်အက်စ်တီ)က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အင်န်အိုင်အက်စ်တီ၏ စုံစမ်းစစ်ဆေးမှုများက နောင်အနာဂတ်ကာလတွင် ထိုသို့မဖြစ်ပေါ်ရေး အဆောက်အအုံများ၏ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ လုပ်ငန်းစဉ်များနှင့် အခြားသင့်လျော်သော ဆောင်ရွက်ချက်များကို ထောက်ခံချက် ပေးနိုင်မည်ဖြစ်သည်။ သို့သော်လည်း စုံစမ်းစစ်ဆေးမှုမှာ နှစ်အနည်းငယ် ကြာဦးမည်ဖြစ်သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ ကိုဗစ်-၁၉ သတင်းတိုများ

### တိုကျိုတွင် ဇူလိုင် ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၇၃ ဦးရှိ

တိုကျိုတွင် ဇူလိုင် ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၇၃ ဦးရှိကြောင်း အစိုးရက အတည်ပြုထုတ်ပြန်လိုက်သည်။

အတည်ပြုထုတ်ပြန်လိုက်သည့် ပမာဏသည် လွန်ခဲ့သော သီတင်းပတ် ကြာသပတေးနေ့ကထက် ၁၀၃ ဦး တိုးလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တစ်ပတ်ပြီးတစ်ပတ် ၁၂ ရက်ဆက်တိုက် တိုးလာခဲ့သည်။

တိုကျိုအာဏာပိုင်များက တိုကျိုမြို့တွင် ကိုဗစ်-၁၉ ပြင်းထန်ရောဂါခံစားနေရသူ ၅၁ ဦးရှိကြောင်း ပြောကြားခဲ့ပြီး ယမန်နေ့ကထက် ပိုများလာကြောင်း သတိပေးပြောကြားခဲ့သည်။

ဇွန် ၁၁ ရက်မှစကာ ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ဝေဒနာသည် ၅၀ ကျော်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

### တူရကီတွင် ကျန်းမာရေးဝန်ထမ်းများကို တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး

နိုင်ငံလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေး အစီအစဉ်တစ်ရပ်အနေဖြင့် တူရကီနိုင်ငံသည် ၎င်း၏ ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၅၀ ကျော်အရွယ်များကို ဇူလိုင် ၁ ရက်က တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့် ကိုက်ညီသူများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် လျှောက်ထားနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကားက ပြောသည်။ **ဆင်ဟွာ**

# ဆောင်းရာသီမတိုင်မီ ဗြိတိန်တွင် တတိယအကြိမ် ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးပေးမည်



ဗြိတိန်တွင် ကျန်းမာရေးအာဏာပိုင်တစ်ဦးက အမျိုးသမီးငယ်တစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

**ဗြိတိန် ဇူလိုင် ၁**

ဗြိတိန်အစိုးရသည် ဆောင်းတွင်းမတိုင်မီ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နာကျင်မှုများကို ကာကွယ်နိုင်ရန် တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပိုမိုထိုးခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ပိုမိုကြာကြာ ခုခံသွားနိုင်မည်ဖြစ်ကြောင်း အသွင်ပြောင်းမျိုးစိတ်ကူးစက်ဖြစ်ပွားမှုကိုလည်း ခံနိုင်မည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမဆုံး ထိုးပေးသွားမည့်သူများကတော့ သက်ကြီးစောင့်ရှောက်ရေးဂေဟာများမှ အဘိုးအဘွားများ၊ အသက် ၇၀ ကျော်သူများ၊ ကျန်းမာရေးရှေ့တန်းတိုက်စစ်မှူးများ ဖြစ်ကြသည်။

ထို့နောက် အသက် ၅၀ ကျော်အရွယ်များကို ထပ်မံထိုးပေးသွားမည်ဖြစ်သည်။ ထို့အပြင် အသက် ၁၆ နှစ်မှ ၄၉ နှစ်အတွင်းရှိ ရောဂါကူးစက် ဖြစ်ပွားလွယ်သူများကိုလည်း ဆက်လက်ထိုးပေးသွားမည်ဖြစ်သည်။

ထပ်လောင်း ခုခံကာကွယ်ဆေးထိုးပေးရာတွင် မည်သည့်ကာကွယ်ဆေးကို ရွေးချယ်ထိုးပေးသွားမလဲဆိုသည်ကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံရဲ့ နေ့စဉ် ကိုဗစ်-၁၉ အခြေအနေများနဲ့ ဒယ်လ်တာပလက်စ်ကူးစက်ဖြစ်ပွားမှု

**ထွန်းကျော်**

အိန္ဒိယနိုင်ငံမှာ လွန်ခဲ့တဲ့ ၂၄ နာရီက ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၄၈၇၈၆ ဦး ဖြစ်လာပြီး ၅၀၀၀၀ နားအထိရှိလာတဲ့အတွက် စုစုပေါင်းကိုဗစ်-၁၉ အတည်ပြု ဖြစ်ပွားသူသန်း ၃၀ ကျော်အထိ ရှိလာခဲ့ပါတယ်။ အတိအကျပြောရမယ်ဆိုရင်တော့ ၃၀၄၁၁၆၃၄ ဦးအထိ ရှိလာတယ်လို့ ကျန်းမာရေးနဲ့ မိသားစုရေးရာဝန်ကြီးဌာနရဲ့ ဇူလိုင် ၁ ရက် နံနက် ၈ နာရီ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၀၀၅ ဦးတိုးလာမှုနဲ့အတူ စုစုပေါင်းသေဆုံးသူ ၃၉၉၄၅၉ ဦးအထိ ရှိလာခဲ့ပါတယ်။

## ကိုဗစ်-၁၉ ကူးစက်မှု တစ်စတစ်စတိုးလာ

ဇူလိုင် ၁ ရက်နေ့က ထုတ်ပြန်လိုက်တဲ့အချက်အလက်အရ နိုင်ငံအတွင်း နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ကင်းစင်လာသူ ၆၁၅၈၈ ဦးရှိလာတဲ့အတွက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှကင်းစင်လာသူပေါင်းဟာ ၂၉၄၈၈၉၁၈ ဦး ရှိလာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၉၇ ရာခိုင်နှုန်းရှိပါတယ်။ လတ်တလော နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ရာခိုင်နှုန်းဟာ ၁ ဒသမ ၇၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့တဲ့အတွက်ကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသူ ၅၂၃၂၅၇ ဦးရှိပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်မှာ နှစ်သန်းကျော်လွန်ခဲ့ပါတယ်။ ဩဂုတ် ၂၃ ရက်မှာတော့ သုံးသန်းအထိရှိလာခဲ့ပြီး စက်တင်ဘာ ၅ ရက်နေ့မှာတော့ လေးသန်းအထိရောက်ရှိခဲ့ပါတယ်။ စက်တင်ဘာ ၁၆ ရက်နေ့မှာတော့ ငါးသန်းအထိရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂၈ ရက်နေ့မှာတော့ ခြောက်သန်းကျော်လွန်လာခဲ့ပါတယ်။ ထို့အတူ အောက်တိုဘာ ၁၁ ရက်နေ့မှာတော့ ခုနစ်သန်းအထိရှိလာသလို အောက်တိုဘာ ၂၉ ရက်မှာ ရှစ်သန်းကျော်လွန် ခဲ့ပါတယ်။ နိုဝင်ဘာ ၂၀ ရက်မှာတော့ ကိုးသန်းအထိရှိလာခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်မှာတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလာသူအရေအတွက်ဟာ ၁၀ သန်းအထိ ကျော်လွန်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် မေ ၄ ရက် မှာတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလာသူပေါင်းဟာ မှတ်တမ်းတင် ရလောက်အောင် သန်း ၂၀ ကျော်အထိ ရှိလာခဲ့ပြီးတော့ ဇွန် ၂၃ ရက် မှာတော့ သန်း ၃၀ ကျော်လွန် ရောက်ရှိခဲ့ပါတယ်။

## ကိုဗစ်စည်းမျဉ်းများကို အကောင်အထည်ဖော်ဖို့ တိုက်တွန်း

ကျန်းမာရေးဝန်ကြီးဌာနက သေဆုံးသူ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကိုဗစ်-၁၉ ရောဂါနှိပ်စက်မှုကြောင့်ဖြစ်တယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။ မိမိတို့ထုတ်ပြန်လိုက်တဲ့ ကိုဗစ်-၁၉ ဆက်စပ်သေဆုံးသူအရေအတွက်တွေဟာ အိန္ဒိယဆေးသုတေသနကောင်စီနဲ့ ညှိနှိုင်းပြီး ထုတ်ပြန်ထားတာပါလို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက် တဖြည်းဖြည်းကျဆင်းခဲ့သော်လည်း သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ ပြည်နယ်အုပ်ချုပ်



အိန္ဒိယနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြည်သူတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

ရေးမှူးအဆင့်ဆင့်ကို ထိရောက်တဲ့ ကိုဗစ်-၁၉ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။

## ဒယ်လ်တာပလက်စ်ကူးစက်မှုပျံ့နှံ့

အခုတစ်ခါမှာတော့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်ခုဖြစ်တဲ့ ဒယ်လ်တာပလက်စ် ကူးစက်ဖြစ်ပွားမှုဟာ အတော်လေးပျံ့နှံ့နေပါတယ်။ အိန္ဒိယနိုင်ငံမှာ အခြေခံတဲ့ ဒီကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ အခုအခါမှာတော့ ကမ္ဘာ့နိုင်ငံအသီးသီးကို ကူးစက်ပျံ့နှံ့နေတဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ဒီကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကို အတတ်နိုင်ဆုံး ကာကွယ်သွားဖို့ နည်းလမ်းတွေ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဒယ်လ်တာပလက်စ်ဟာ အရင်ကတွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ကူးစက်ဖြစ်ပွားမှု ပိုမိုမြန်ဆန်ပါတယ်။ သို့သော်လည်း ဒယ်လ်တာပလက်စ်ဟာ ဒယ်လ်တာထက် ပိုပြီးကူးစက်မှုမြန်သလား၊ မမြန်ဘူးလားဆိုတာကိုတော့ သိပ္ပံပညာရှင်တွေ ဆက်လက်ရှာဖွေလျက်ရှိပါတယ်။

## မျက်ခြည်မပြတ်စောင့်ကြည့်

အိန္ဒိယနိုင်ငံမှာရှိတဲ့ သိပ္ပံပညာရှင်တွေဟာ ဒယ်လ်တာပလက်စ် ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို မျက်ခြည်မပြတ် ဆက်လက်စောင့်ကြည့်လျက်ရှိပါတယ်။ ဒယ်လ်တာပလက်စ် ကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ဒယ်လ်တာမျိုးစိတ်သစ်ကနေ အသွင်ပြောင်း ဖြစ်ပေါ်လာတဲ့ ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးဖြစ်ပါတယ်။ ဒယ်လ်တာပလက်စ်ရဲ့ ကူးစက်ဖြစ်ပွားနိုင်မှုတွေကို စောင့်ကြည့်လျက်ရှိပြီး ဒီမျိုးစိတ်သစ်ကို ထိရောက်စွာကာကွယ်နိုင်မယ့် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကိုလည်း စမ်းသပ်လျက်ရှိပါတယ်။ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေကတော့ ဒယ်လ်တာပလက်စ်ဟာ ဒယ်လ်တာထက် ပိုပြီးလျင်မြန်စွာ ကူးစက်ဖြစ်ပွားမယ့်သဘောမတွေ့ရဘူးလို့ သုံးသပ်ထားပါတယ်။ ဘယ်လိုပဲဆိုဆို ဒယ်လ်တာလည်း ကြောက်ဖို့ကောင်းသလို ဒယ်လ်တာပလက်စ်လည်း ကြောက်ဖို့ကောင်းတဲ့ ကိုဗစ်-၁၉ မျိုးစိတ်သစ်ဆိုတာတော့ ငြင်းမရပါဘူး။

> **အိန္ဒိယနိုင်ငံမှာရှိတဲ့ သိပ္ပံပညာရှင်တွေဟာ ဒယ်လ်တာပလက်စ် ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို မျက်ခြည်မပြတ် ဆက်လက်စောင့်ကြည့်လျက်ရှိပါတယ်။ ဒယ်လ်တာပလက်စ် ကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ဒယ်လ်တာမျိုးစိတ်သစ်ကနေ အသွင်ပြောင်းဖြစ်ပေါ်လာတဲ့ ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးဖြစ်ပါတယ်။ ဒယ်လ်တာပလက်စ်ရဲ့ ကူးစက်ဖြစ်ပွားနိုင်မှုတွေကို စောင့်ကြည့်လျက်ရှိပြီး ဒီမျိုးစိတ်သစ်ကို ထိရောက်စွာကာကွယ်နိုင်မယ့် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကိုလည်း စမ်းသပ်လျက်ရှိပါတယ်။ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေကတော့ ဒယ်လ်တာပလက်စ်ဟာ ဒယ်လ်တာထက် ပိုပြီး လျင်မြန်စွာ ကူးစက်ဖြစ်ပွားမယ့်သဘောမတွေ့ရဘူးလို့ သုံးသပ်ထားပါတယ်**

## ကိုဗစ်-၁၉ ပြန်လည်တစ်ကျော့ပြန်ဖြစ်စေခဲ့တဲ့ တရားခံ

ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်ဟာ ဒုတိယအကျော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အဓိကဖြစ်ပွားစေခဲ့တဲ့ တရားခံဖြစ်ပြီး သူ့ကို အိန္ဒိယနိုင်ငံမှာ ပထမဆုံး တွေ့ရှိခဲ့ပါတယ်။ နောက်တော့သူဟာ AY-1 နဲ့ AY-2 အဖြစ် တဖြည်းဖြည်းနဲ့ အသွင်ပြောင်းခဲ့ပါတယ်။ ဒီလိုသန္ဓေပြောင်းလဲဖြစ်ပေါ်ခဲ့တဲ့ မျိုးနွယ်ခွဲတွေကိုပဲ ဒယ်လ်တာပလက်စ်လို့ ခေါ်ရတာဖြစ်ပါတယ်။

ဒီအသွင်ပြောင်း ဒယ်လ်တာပလက်စ်နဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ စိုးရိမ်စရာအဖြစ် သတိပေးထားပါတယ်။ အခုလတ်တလောမှာတော့ ကမ္ဘာ့နိုင်ငံအတော်များများမှာ ဒယ်လ်တာ ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားလျက်ရှိပါတယ်။

## ကာကွယ်ဆေးထိုးထားကြ

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ဖို့ အိန္ဒိယနိုင်ငံမှာတော့ လူဦးရေ ၁၉ ရာခိုင်နှုန်းကို အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်တော့ထိုးပေးခဲ့ပြီးပါပြီ။ ကိုဗစ်-၁၉ အပြည့်အဝနှစ်ကြိမ်ထိုးပေးပြီးခဲ့တဲ့ လူဦးရေဟာ ၄ ရာခိုင်နှုန်းလောက်ရှိလာပါပြီ။ အခုတော့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကို နှစ်ဆတိုးမြှင့်လုပ်ဆောင်နေတဲ့အတွက် အရင်က တစ်နေ့ကို ပျမ်းမျှအားဖြင့် သုံးသန်းထိုးပေးခဲ့သော်လည်း အခုတော့ ခြောက်သန်းအထိ ထိုးပေးခဲ့ပါတယ်။

ကိုဗစ်ရှီးလ် တစ်ကြိမ်ထိုးနှံတာနဲ့တင် ဒယ်လ်တာ မျိုးစိတ်သစ်ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပြင်းထန်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို ၇၀ ရာခိုင်နှုန်းလောက် ကာကွယ်နိုင်တယ်လို့ ပြောစေဦးတော့ ဒယ်လ်တာပလက်စ်ကိုတော့ ကာကွယ်နိုင်မလားဆိုတာ မသိရသေးပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး တိကျတဲ့အဖြေလည်း မရသေးပါဘူး။ ဒါကြောင့် ကိုဗစ်-၁၉ ကို နေ့စဉ်လူနေမှုဘဝမှာ အထူးသတိထားပြီး ကာကွယ်ကြရဦးမှာ ဖြစ်ပါတယ်။

ကိုးကား – အင်ဒီးယန်းတိုင်းမ်

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး


## ၁-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၄၀၈၆၆ | ၂၉၀၂၆၆၈၈ | ၆၂၀၂၅၀ |
| ၂။ | အိန္ဒိယ | ၃၀၄၁၁၆၃၄ | ၂၉၄၈၈၉၁၈ | ၃၉၉၄၇၅ |
| ၃။ | ဘရာဇီး | ၁၈၅၅၉၁၆၄ | ၁၆၈၅၈၆၃၂ | ၅၁၈၂၄၆ |
| ၄။ | ပြင်သစ် | ၅၇၇၇၃၀၁ | ၅၆၁၈၈၈၅ | ၁၁၁၀၈၂ |
| ၅။ | ရုရှား | ၅၅၃၈၁၄၂ | ၅၀၁၇၃၂၁ | ၁၃၅၈၈၆ |
| ၆။ | တူရကီ | ၅၄၂၅၆၅၂ | ၅၂၉၄၂၈၅ | ၄၉၇၃၂ |
| ၇။ | ဗြိတိန် | ၄၈၀၀၉၀၇ | ၄၃၂၄၈၇၆ | ၁၂၈၁၄၀ |
| ၈။ | အာဂျင်တီးနား | ၄၄၇၀၃၇၄ | ၄၀၇၆၉၂၁ | ၉၄၃၀၄ |
| ၉။ | အီတလီ | ၄၂၅၉၉၀၉ | ၄၀၈၁၉၀၂ | ၁၂၇၅၆၆ |
| ၁၀။ | ကိုလံဘီယာ | ၄၂၄၀၉၈၂ | ၃၉၃၆၁၅၆ | ၁၀၆၅၄၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁ – ၇ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၂၀၃၁၀၈ | ၁၈၉၀၂၈၇ | ၅၈၉၉၅ |
| ဖိလစ်ပိုင် | ၁၄၁၈၃၃၇ | ၁၃၄၁၉၇၃ | ၂၄၇၉၇ |
| မလေးရှား | ၇၅၈၉၆၇ | ၆၈၈၂၆၀ | ၅၂၅၄ |
| ထိုင်း | ၂၆၄၈၃၄ | ၂၁၀၇၀၂ | ၂၀၈၀ |
| မြန်မာ | ၁၅၉၃၄၇ | ၁၃၆၉၉၂ | ၃၃၄၇ |
| စင်ကာပူ | ၆၂၅၈၉ | ၆၂၂၂၈ | ၃၆ |
| ကမ္ဘောဒီးယား | ၅၁၃၈၄ | ၄၄၈၅၈ | ၆၂၈ |
| ဗီယက်နမ် | ၁၇၃၁၂ | ၆၉၈၁ | ၈၁ |
| လာအို | ၂၁၄၄ | ၁၉၈၆ | ၃ |
| ဘရူနိုင်း | ၂၆၁ | ၂၄၈ | ၃ |






# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့်လက်လုပ်မိုင်းများအသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဇူလိုင် ၁

**နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ည ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်း အလယ်ရပ်ကွက် ရှုခင်းသာလမ်း အောင်သုခမီးပွိုင့်အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ် ပိတ်ဆို့ဆောင်ရွက်နေစဉ် သန်လျင်မြို့ဘက်မှ မောင်းနှင်လာသည့် အဖြူရောင်ယာဉ်တစ်စီးပေါ်မှ အကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ည ၁၀ နာရီ ၁၀ မိနစ်တွင် သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်ရှိ အမှတ်(၁) သန်လျင်တံတားထိပ်သို့ သန်လျင်မြို့ဘက်မှ သာကေတမြို့နယ်ဘက်သို့ ရွှေပြည်သာမြို့နယ် ဏ/၁၄ ရပ်ကွက်နေ ဇော်လင်းထွန်း (ခ)စွန်နီး (၃၀ နှစ်) (ဘ) ဦးစိုးလွင် မောင်းနှင်ပြီး



သန်လျင်မြို့နယ်၌ လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲမှုမှ မသင်္ကာယာဉ်နှင့် အမျိုးသားနှစ်ဦးအား ထိန်းသိမ်းထားစဉ်။

ရွှေပြည်သာမြို့နယ် အမှတ်(၁၄) ရပ်ကွက်နေ ပါးပါးလေး (ခ) ရန်နကား (၄၁ နှစ်) (ဘ)ဦးရန်မိဆက် လိုက်ပါစီးနင်းလာသော အဆိုပါယာဉ်အား ယာဘက်ဘေး၌ ကျည်ဒဏ်ရာနှစ်ချက်နှင့် ယာဉ်နောက် လေကာမှန်များ ကွဲကြေနေသည်ကို တွေ့ရှိ၍ ထိန်းသိမ်းကာ စစ်ဆေးလျက်ရှိကြောင်း သိရသည်။


စမ်းချောင်းမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲ၍ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ။

အလားတူ ယင်းနေ့နံနက် ၈ နာရီ ၅ မိနစ်တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း (တောင်) ရပ်ကွက် ပြည်လမ်းရှိ မြေနီကုန်းတံတားအောက်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတံတားအောက်ရှိ ယာဉ်ထိန်းနားနေဆောင်၏ ဘောင်ပေါ်တွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားပြီး ပေါက်ကွဲထားသည့်သံပိုက်အပိုင်းအစများ၊ ဘောစေ့များအား တွေ့ရှိကာ ပေါက်ကွဲမှုကြောင့် ယာဉ်ထိန်းနားနေဆောင်တွင် ကာရံထားသည့်မှန်များ ကွဲအက်ပျက်စီးခဲ့ပြီး အနီးမှလမ်းလျှောက်လာသူ လှိုင်သာယာမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ မစာမယ်ဖုန်း(၂၅ နှစ်) (ဘ) ဦးဝမ်းဒိုး၏နဖူးတွင် ပေါက်ပြဲဒဏ်ရာတစ်ချက် ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်လုပ်မိုင်းထောင်ရန်ပြုလုပ်စဉ်နှင့် လက်လုပ်ဗုံးများပြုလုပ်ရာမှ ပေါက်ကွဲမှုများဖြစ်ပွား၍ သေဆုံး၊ ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အများပြည်သူ သွားလာနေသော လမ်းမကြီးပေါ်၌ လက်လုပ်မိုင်းထောင်ရန်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက်နေ ဝင်းကျော်ကျော် (၃၅ နှစ်) (ဘ) ဦးကျော်တင့်နှင့် အမျိုးသားတစ်ဦးတို့သည် အမှတ်(၂)ရပ်ကွက်ရှိပြောင်းပြာတံတားအနီး ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ Keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားသော လက်လုပ်မိုင်းနှစ်လုံး ထောင်နေစဉ် လက်လုပ်မိုင်းတစ်လုံးမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဝင်းကျော်ကျော်၏ ရင်ဘတ်၊ ယာလက်ဖျံနှင့် ခြေကျင်းဝတ်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် ၎င်းနှင့်အတူပါလာသူ အမျိုးသားက ဝင်းကျော်ကျော်၏အလောင်းကို ၎င်း၏ နေအိမ်တောင်ဘက်လမ်းပေါ်တွင် ချထားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။


မြင်းခြံမြို့၌ လက်လုပ်မိုင်းထောင်ရန် ပြုလုပ်ရာတွင် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးသည်ကို တွေ့ရစဉ်။

ထိုသို့သွားရောက်စစ်ဆေးခဲ့ရာ ဝင်းကျော်ကျော်ကို ၎င်း၏ နေအိမ်တောင်ဘက်လမ်းပေါ်၌ ထိခိုက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ မပေါက်ကွဲသေးသည့် Keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

အလားတူ ဇူလိုင် ၁ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရာ စက်မှုဇုန်ရပ်ကွက် စိန်ပန်းနီလမ်းပေါ်တွင် မုံရွာမြို့ မြဝတီရပ်ကွက်နေ အောင်ဇော်မျိုး (ခ) အငယ်လေး (၃၈ နှစ်) (ဘ) ဦးခင်ဇော်နှင့် သလ္လာရပ်ကွက်နေ သီဟ (၂၀ နှစ်) (ဘ) ဦးခင်ဇော်တို့နှစ်ဦးကို မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်၊ လက်မောင်းတို့တွင် ပေါက်ပြဲဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် စစ်မေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် စက်မှုဇုန်ရပ်ကွက် (၂၉)လမ်းရှိ ကိုမင်း (စိစစ်ဆဲ) ပိုင်ဆိုင်သော "မိုးကောင်းကင်" တွင်ခုံလုပ်ငန်းနေအိမ်၌ လက်လုပ်ဗုံးများ ပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်မှုဇုန်ရပ်ကွက် (၂၉)လမ်းရှိ ကိုမင်း၏ တွင်ခုံလုပ်ငန်းနေအိမ်သို့ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ အလုပ်ရုံအတွင်းမှ အကြမ်းဖက်တိုက်ခိုက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

ထိုကဲ့သို့အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးပေါ်တွင် အများပြည်သူ၏ အသက်အန္တရာယ်ထိခိုက်စေရန် ရည်ရွယ်၍ လက်လုပ်မိုင်းဖောက်ခွဲရန် ပြုလုပ်ရာတွင် ဒဏ်ရာရရှိသူများကို ဆေးကုသနိုင်ရေး သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ထားခဲ့ပြီး ၎င်းတို့နှင့် ပူးပေါင်းပါဝင်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်သူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင် အကြမ်းဖက်သူများက ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီခွဲတွင် မင်းကင်းမြို့နယ် ဖက်ခတ်ကျေးရွာတွင် လုံခြုံရေးအခြေပြုထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် နယ်မြေအေးချမ်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ဖက်ခတ်ကျေးရွာ၏ တောင်ဘက် ငါးမိုင်ခန့်အကွာရှိတောင်ပေါ်အရောက်၌ တူမီးသေနတ်များ ကိုင်ဆောင်ထားသည့် လက်နက်ကိုင် အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ထိတွေ့မှုဖြစ်ပွားခဲ့ပြီး နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် လက်နက်ကိုင် အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကိုင်အကြမ်းဖက်သူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာတစ်ဝိုက်အား သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သူများ ကိုင်ဆောင်အသုံးပြုခဲ့သည့် တူမီးသေနတ်တစ်လက် သိမ်းဆည်းရရှိခဲ့ပြီး နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့နယ်၌ ဂိုဒေါင်အား မီးရှို့ဖျက်ဆီးသူကို အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဝန်ကုန်းကျေးရွာနေ ဦးကျော်နိုင် (၃၈ နှစ်) ၏ နွားစာများနှင့် မီးစက်ထားရှိသည့် သွပ်မိုး၊ ပျဉ်ကာဂိုဒေါင်အား ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က တစ်ရွာတည်းနေ ကျော်တိုး(၃၀ နှစ်)က မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဧကရာဇ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါမီးလောင်မှုကြောင့် ဦးကျော်နိုင်၏ ဂိုဒေါင်မှာ တန်ဖိုးငွေလေးသိန်းကျပ်ခန့် မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ကျော်တိုးအား ကိုးပင်နယ်မြေရဲစခန်း(ပ)၁၉/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ မဟာမြိုင်သာသနဝိပုလကာရီကျောင်းတိုက်နှင့် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ရှမ်းတောလေးကျေးရွာရှိ ရှမ်းစိန်ကျောင်းကြီးကျောင်းတိုက်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ မေဓါရာမကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ မေဓါရာမကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်ရှိ မဟာဗောဓိပရိယတ္တိရိပ်သာကျောင်းတိုက်တို့မှ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ မေဓါရာမကျောင်းတိုက်ရှိ သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



❑ *ကျောဖုံးမှ*

သို့သော်လည်း စပိန်အသင်းသည် ပြီးခဲ့သည့် ၁၆ သင်းအဆင့်တွင် ခရိုအေးရှားအသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး အချိန်ပိုတွင်မှ ကွာတားဖိုင်နယ် တက်ရောက်နိုင်စေမည့် အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယနေ့တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်လှမ်းခွင့်ရမည့် အသင်းက ဆွစ်ဇာလန်လား၊ စပိန်လား ဆိုသည်ကို ယနေ့ညတွင် အဆုံးအဖြတ်ပေးသွားမည် ဖြစ်သည်။

ဇူလိုင် ၃ ရက် နံနက် ၁ နာရီခွဲတွင် ဘယ်လ်ဂျီယံအသင်းနှင့် အီတလီအသင်းတို့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းအနေဖြင့် ၁၆ သင်းအဆင့်တွင် ပေါ်တူဂီအသင်းနှင့် ရင်ဆိုင်ကစားခဲ့ရပြီး သော်ဂန်ဟာဇက်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ ပြိုင်ဘက် အီတလီအသင်းက အဆိုပါအဆင့်တွင် ဩစတြီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် အုပ်စုတွင်းပြိုင်ပွဲတွင် သုံးပွဲကစား၊ သုံးပွဲနိုင်၊ ရမှတ်ကိုးမှတ်နှင့်အတူ အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သကဲ့သို့ ပြိုင်ဘက်အီတလီအသင်းကလည်း အုပ်စုတွင်းပြိုင်ပွဲသုံးပွဲတွင် သုံးပွဲကစား၊ သုံးပွဲနိုင် ရမှတ် ကိုးမှတ်နှင့်အတူ အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်သည့် အသင်းဖြစ်သည်။

ထို့ကြောင့် ယခုပွဲစဉ်သည် ယူရိုပြိုင်ပွဲခြေစွမ်းအရ ခြေစွမ်းအထူးကောင်းမွန်နေသည့် အသင်းနှစ်သင်း ဆုံတွေ့နေသောကြောင့် မည်သည့်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ယူရိုဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားမလဲ စိတ်ဝင်စားဖွယ်ရာပင်။

**အောင်ဇော်**

## မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

❖ မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

❖ မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

## စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)**နှင့် **လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့်** ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ **အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်းကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**



မပြည့်ဝဆီ





ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

# အကယ်ဒမီဆုများရှင် ဝါရင့်ဂန္ထဝင်သရုပ်ဆောင်မင်းသားကြီး ဦးညွန့်ဝင်းကွယ်လွန်



စိန်ရုပ်ရှင် "မိုးနတ်မယ်" ဇာတ်ကားမှ ညွန့်ဝင်း

ရန်ကုန် ဇူလိုင် ၁

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွှေစင်ရုပ်တု ခုနစ်ခုပိုင်ရှင် ဝါရင့်ရုပ်ရှင် သရုပ်ဆောင် မင်းသားကြီး ဦးညွန့်ဝင်းသည် ယနေ့နံနက် ဇနာရီခွဲတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသည်။ ဦးညွန့်ဝင်းသည် မြန်မာ့ရုပ်ရှင်လောကသို့ အသက် ၂၃ နှစ် အရွယ်ကတည်းက ဝင်ရောက်လာခဲ့သူဖြစ်ပါသည်။ ဦးညွန့်ဝင်းသည် ရုပ်ရှင်လောကအတွက် အသက်ထက်ဆုံး တတ်စွမ်းသမျှမြှင့်တင်လိုသည့် စေတနာအပြည့်ဖြင့် အကျိုးဆောင်ပေးခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဒါရိုက်တာ၊ သရုပ်ဆောင် စသည်ဖြင့် အနုပညာလောကအတွင်း နှစ်ပေါင်း ၆၀ နီးပါး ဖြတ်သန်းခဲ့သူလည်း ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်မြောက်ချိန် ပြီးခဲ့သည့်နှစ်အထိ စိတ်အားတက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ဦးညွန့်ဝင်းသည် အနုပညာမျိုးရိုးမှ ဆင်းသက်လာသူဖြစ်ပြီး ဖခင်ဖြစ်သူ အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၏ အနုပညာအမွေကို အပြည့်အဝ ဆက်ခံရရှိခဲ့သူလည်း ဖြစ်ပါသည်။

၁၉၄၀ ပြည့်နှစ် မတ်လ ၁၉ ရက်တွင် ဦးညွန့်ဝင်းကို သထုံမြို့နယ်၊ ဖွဲကလာကျေးရွာတွင် မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။ ငယ်စဉ်ကတည်းက ဇာတ်အဖွဲ့ကြီးနှင့်အတူ ဝိုင်အမ်ဘီ ဆရာတင်ထံတွင် စာသင်ကြားခဲ့ပြီး မန္တလေးနေရှင်နယ်ကျောင်းနှင့် စိန့်ဖရန့်စစ် (တာမွေ) တို့တွင် ပညာသင်ယူခဲ့သည်။ အသက် ၁၁ နှစ်အရွယ်မှ အသက် ၂၀ အရွယ်အထိ အိန္ဒိယနိုင်ငံ စိန့်ဂျိုးဇက် ဒါဂျီလင်တက္ကသိုလ်တွင် တက်ရောက် ပညာသင်ယူခဲ့သူဖြစ်ပြီး အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ချ်တက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စုရှိ အော်ရီကန် စတိတ်ချ်တက္ကသိုလ်တွေမှာ အသံပိုင်းဆိုင်ရာ အင်ဂျင်နီယာပညာများနှင့် ဇာတ်ခုံအလင်းအမှောင်ဆိုင်ရာ နည်းပညာနှင့် ဆက်တင်ပိုင်းဆိုင်ရာ အတတ်ပညာ ဒီပလိုမာတွေကို တက်ရောက်သင်ကြားခဲ့သူလည်း ဖြစ်ပါသည်။

၁၉၆၃ ခုနှစ်တွင် မြဇော်ဖလင်မှ ရိုက်ကူးခဲ့သည့် သတို့သမီးအလိုရှိသည့် ဇာတ်ကားဖြင့် ရုပ်ရှင်လောကအတွင်း စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းဇာတ်ကားတွင် သရုပ်ဆောင် ကြည်စိုး၊ အောင်တင်၊ ခင်သန်းနု၊ အေးအေးသင်း၊ ဘေဘီနွဲ့၊ ကြယ်နီတို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဒေစီကျော်ဝင်းနှင့် တွဲဖက်၍ အသွင်မတူသည့် စရိုက်နှစ်မျိုး (နှစ်ကိုယ်ခွဲ) သရုပ်ဆောင်ခဲ့သည့် ဗန်တိုလူလေးနဲ့ သူဇာ ဇာတ်ကား၊ ၁၉၇၁ ခုနှစ်တွင် ချစ်သူဝိုင်းဝိုင်းလည်ဇာတ်ကား၊ ၁၉၈၃ ခုနှစ်တွင် တတိယအရွယ်၏ ဒုတိယဝေဒနာဇာတ်ကား၊ ၁၉၉၃ခုနှစ်တွင် သီတာခုနစ်တန် (ဆေးရောင်စုံ) ဇာတ်ကား၊ ၁၉၉၇ ခုနှစ်တွင် သူ့ကျွန်မခံပြီ ဇာတ်ကား၊ ၂၀၀၂ ခုနှစ်တွင် ဆန်ရေ ဇာတ်ကား၊ ၂၀၀၄ ခုနှစ်တွင် လျှို့ဝှက်သောနှင်း ဇာတ်ကားတို့ဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီ ရွှေစင်ရုပ်တုများကို ထိုက်ထိုက်တန်တန်ဖြင့် ပိုင်ဆိုင်ခဲ့သူလည်း ဖြစ်ပါသည်။

ခုနစ်ထပ်ကွမ်း အကယ်ဒမီရွှေစင်ရုပ်တုပိုင်ရှင် ဦးညွန့်ဝင်းသည် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ခန့် ရိုက်ကူးခဲ့ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင်လည်း ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်အပြင် ဖခင်ကြီး အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် ကွယ်လွန်ပြီးနောက်ပိုင်း ညီငယ်များနှင့်အတူ သစ္စာမေတ္တာရွှေမန်းသဘင် အပါအဝင် မြန်မာ့ဇာတ်သဘင် လောကကြီးတစ်ခုလုံး တိုးတက်မြင့်မားရေးအတွက် ကြိုးစားလုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါသည်။ တိမ်မြုပ်လျက်ရှိခဲ့သည့် ရုပ်ရှင်ပြဇာတ်တစ်ခေတ် ဆန်းစေရေးအတွက် ဘဘ ဆရာစည်သူဗိုလ်ကလေးတင့်အောင်၏ အမေ့ချွေးမ လှလှလေး ပြဇာတ်ကို ကိုယ်တိုင်ဦးဆောင်၍ ကပြခဲ့ရာ ထိုစဉ်က နေ့စဉ်ပင် ဇာတ်ရုံအတွင်း ရုံပြည့်ရုံလျှံ ပြည်သူများ သောင်းသောင်းဖြဖြ အားပေးခဲ့ကြပါသည်။

၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ခရစ်ကတ်အားကစားအဖွဲ့ချုပ်ကို ဦးဆောင်တာဝန်ယူခဲ့သူလည်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာနေရာမှ တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါသည်။ ခုနစ်ထပ်ကွမ်းအကယ်ဒမီဆုရှင် ဂန္ထဝင်ဝါရင့်အနုပညာရှင်ကြီး ဦးညွန့်ဝင်းမှာ ယနေ့နံနက်တွင် ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၂ နှစ်ရှိပြီဖြစ်ပါသည်။ အကယ်ဒမီများရှင် ဦးညွန့်ဝင်း ကွယ်လွန်သွားခြင်းအတွက် ရုပ်ရှင်လောကသားများက ဝမ်းနည်းနှမြောတသမိကြောင်း လူမှုကွန်ရက်တွင် ရေးသားထားသည်ကိုလည်း မြင်တွေ့ရသည်။ ပရိသတ်များအတွက် ဝါရင့်အနုပညာရှင်ကြီးတစ်ဦး ဆုံးရှုံးလိုက်ရသကဲ့သို့ အနုပညာရပ်ဝန်းအတွက်လည်း ကြယ်တစ်ပွင့် ကြွေလွင့်သွားခဲ့ရခြင်းပင် ဖြစ်ပါသည်။ **ခင်ရတနာ**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ကြေညာချက် (၆/၂၀၂၁) ထုတ်ပြန်

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**

**ကြေညာချက် (၆/၂၀၂၁)**

**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ကြာသပတေးနေ့**

၁။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်နှင့်ညီသော သတင်းမီဒီယာသမားများ၏ လူမှုဘဝလုံခြုံရေး အထောက်အကူပြုရန်အတွက် အစဉ်တစိုက် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၃၀-၆-၂၀၂၁ ရက်နေ့တွင် ပြန်လည်စေလွှတ်ပေးခဲ့သည့် အကျဉ်းသား ၂၀၀၀ ကျော်တွင် သတင်းမီဒီယာသမားများ ပါဝင်လာခြင်းအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။

၃။ ပြန်လည်လွတ်မြောက်လာသည့် သတင်းမီဒီယာသမားများအနေဖြင့် စတုတ္ထမဏ္ဍိုင်ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော ကျင့်ဝတ်နှင့်လျော်ညီသည့် သတင်းမီဒီယာအရင်းအမြစ်များအဖြစ် ဆက်လက် ရပ်တည်နိုင်ရေး အရည်အသွေးမြှင့် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၄။ သို့ဖြစ်ရာ သတင်းမီဒီယာသမားများသည် သတင်းမီဒီယာဆိုင်ရာ ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းပြီး တာဝန်မဲ့သော၊ ကျင့်ဝတ်နှင့်မညီသော လုပ်ကိုင်ဆောင်ရွက်မှုများ လုပ်ကိုင်ခြင်းမပြုကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်းနှင့် ကျင့်ဝတ်နှင့်အညီ သတင်းရယူရေး၊ သတင်းရေးသားဖော်ထုတ်တင်ပြရေး၊ မလိုလားအပ်သည့် အရေးယူခံရမှုများ မရှိစေရေးတို့အတွက် သတင်းမီဒီယာကောင်စီကကြီးမှူး၍ မီဒီယာအရည်အသွေးမြှင့်တင်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၇-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ (၁၈)ပါ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်းသတင်းစာကြောင်းရေ (၃) တွင် "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း" ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **၂၄-၃-၂၀၁၈ ရက်စွဲပါ** အမိန့်ကြော်ငြာစာ အမှတ် ၁၅၈/၂၀၂၁ ဖြင့်လည်းကောင်း (အစား) "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း" ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **၂၄-၅-၂၀၂၁ ရက်စွဲပါ** အမိန့်ကြော်ငြာစာ အမှတ် ၁၅၈/၂၀၂၁ ဖြင့်လည်းကောင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**

○ *ကျောဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၂၃) ခု | (၁၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၆) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၀၁) ခု | (၉၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၆၀) ခု | (၃၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၂၃) ခု | (၈) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၈) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၅၂) ခု | (၅၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၆၅) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၂) ခု | (၃၉၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၂၃၇) ခု | (၁,၃၃၈) ဦး |
| **စုစုပေါင်း** | (၉,၄၅၇) ခု | (၂,၀၇၀) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ထားဝယ် ဇူလိုင် ၁

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဖလား၊ မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘော်လီဘော ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၈ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲသို့ တက်ရောက်လာသော ထားဝယ်မြို့နယ်အသင်းနှင့် သရက်ချောင်းမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးခင်မောင်မြင့်က ပွဲစဉ်တစ်လျှောက် အကူအညီပေးသော ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် ဒုတိယဆုရရှိသော သရက်ချောင်းမြို့နယ်အသင်းကို တစ်ဦးချင်းဆုနှင့် ငွေသားဆု ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ဇေယျက ပထမဆုရရှိသော ထားဝယ်မြို့နယ် အသင်းကို တစ်ဦးချင်းဆုနှင့် ငွေသားဆု ချီးမြှင့်ပြီး တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပထမဆုရရှိသော ထားဝယ်မြို့နယ် အသင်းကို တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်သည်။




တိုင်းဒေသကြီး(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၇ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၅၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၄၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၂၆ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၆ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၈ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၇၃၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၀ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၁ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၁ . ၆၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၁၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၂၉ | ၂၆၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၂၁၀၂ | ၇၃၆၂၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀ | ၂၀၀၀၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၉၆ | ၂၅၉၄၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၁၂၄ | ၃၉၆၈၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၈ | ၃၉၅၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၇-၂၀၂၂ သောကြာနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** ရုရှားဖက်ဒရေးရှင်းနိုင်ငံ MGIMO တက္ကသိုလ်မှမြန်မာ့ရေးရာကျွမ်းကျင် ပညာရှင်တွဲဖက်ပါမောက္ခ Mrs.Kseniya Alexandrovna Efremova နှင့်တွေ့ဆုံမေးမြန်းမှု
**၀၈:၅၀** မြတ်ဆရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၅** စွဲလန်းခြင်းပြဿနာ (**ဟင်းချိုမှုန့်စားစုံးမှုပညာပေးဇာတ်လမ်းတို**)
**၁၃:၃၀** MRTV National News
**၁၄:၄၀** ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ(အပိုင်း-၂)
**၁၆:၃၅** ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု(အပိုင်း-၆)
**၁၇:၁၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားဒေါင်းဆောင်ရာ**' (အပိုင်း-၁၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇွန်လ)(ဒုတိယပိုင်း)
**၂၁:၃၅** '**ဝသာန်မိုးရာသီ**' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်

**mitv**

**07:01** News
**07:27** Evergreen Classic: Zambudipar (Shwe Yee Win)
**07:35** Myanma Pottery
**08:01** Chef Life: Zin Minn Htun
**08:09** MONASTERY (Bargayar Kyaung)
**08:24** Five Sets of Drum Orchestra
**09:01** Discovering Tribes: Taisun (Their Life and Customs) (Part-2)
**09:24** Next Generation (Min Thu Ryein)
**09:35** Kyeik Paw Law Pagoda
**09:43** Ecotourism: Shwebo & Hanlin (Ancient Pyu City)
**10:01** Myanmar Traditional Festival
**10:29** The Largest Nunnery In Myanmar
**11:01** Bagan: The Land of Pagoda

**MRTV NK**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** သံတောင်ဒေသလက်ဖက်စိုနှင့် လက်ဖက်ခြောက်ပြုလုပ်နည်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ဇလွန်ပြည်တော်ပြန်ဘုရား
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ဩဇာသီးရဲ့အကျိုးကျေးဇူး
**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)** တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** အနာဂတ်ဆီသို့ခြေလှမ်းများ
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** မွန်ရိုးရာခရုသုပ်
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** လခြမ်းမြေမှုရိုးရာအလှ(အပိုင်း-၁)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** သူတို့ယဉ်ကျေးမှုသူတို့ရိုးရာ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)** ပုစွန်ချဉ်စပ်ပြုလုပ်နည်း

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၆:၀၀** ၂၀၂၂ ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# နေမိဇာတ်တော်

**မြတ်မင်းလိုင်**

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်၌ မဃဒေဝ အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်းသည် မုဒ္ဓါဘိသေက မင်းမျိုးမင်းနွယ်ဖြစ်၍ မင်းသားငယ်ဘဝ အနှစ်ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်းဘဝအနှစ်ရှစ်သောင်းလေးထောင် စံစားပြီးမှ ခမည်းတော်ဘုရားက နန်းရိပ်လွှဲအပ်သဖြင့် ထီးနန်းကို အနှစ်ရှစ်သောင်းလေးထောင်တိုင်တိုင် စိုးစံ၏။

ထိုမဃဒေဝမင်းသည် နိက္ခမပါရမီကို တောင့်တခြင်းအာသယရှိသော မင်းဖြစ်သည်။ တစ်နေ့တွင် မင်းကြီး၏ ဆံမုတ်ဆိတ်ကို ဆတ္တာသည်အား ပြင်ဆင်စေရာ ဦးခေါင်း၌ဆံဖြူတစ်ချောင်းကိုမြင်၍ မင်းကြီးအား လျှောက်ကြားလေသည်။ မင်းကြီးသည် ထိုဆံဖြူကို ရွှေမွေးညှပ်ဖြင့် နုတ်စေ၍ လက်ဝါးပြင်၌ တင်ထားပြီး ဆံဖြူကိုကြည့်လျက် ငါတို့သေမင်း၏စာရင်းဝင် လူဖြစ်ပြီဟု မှတ်ချက်တံဆိပ်သည် နဖူး၌ထိုးနှိပ်စက်လာပြီဖြစ်၍ ငါကား ရဟန်းချိန်အရွယ်ရောက်ပြီဟု ကြံပြီးလျှင် ဆတ္တာသည်အား ကျေးစားရွာတစ်ရွာဆုပေးပြီး သားကြီးအိမ်ရှေ့မင်းအား ပြည်စည်းစိမ်ကိုအပ်နှင်းကာ သရက်ဥယျာဉ်၌ ရဟန်းပြုလေသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရ ဘာဝနာတရားဖြင့် သမာပတ်နှင့်ပြည့်စုံစွာ ဈာနကီဠနကိုပြု၍ ပျံလွန်တော်မူသည့်အခါ ဗြဟ္မာ့ပြည်၌ ပြောင်းလဲစံပယ်တော်မူလေသည်။ သားတော်အစဉ် မြေးတော်အဆက်ဆက် မြစ်တော်အညွန့်တို့သည်လည်း ထိုနည်းတူစွာ ရဟန်းပြုကြ၍ ဈာန်အစွမ်းဖြင့် ဗြဟ္မပြည်၌ချည်း ရောက်ရှိကြကုန်လေသည်။

ဤသို့ရဟန်းပြုကြကုန်သော မဃဒေဝမင်း၏ သားတော်အစဉ် မြေးတော်အဆက်ဆက် မင်းအပေါင်းတို့သည် မဃဒေဝမင်းမှ ရေတွက်လျှင် ရှစ်သောင်းသုံးထောင်ကိုးရာကိုးကျိပ်ကိုး (၈၃၉၉၉) ယောက်တိုင်ခဲ့ပြီဖြစ်သည်။ ဗြဟ္မာ့ပြည်သို့ရောက်နေသော ထိုမင်း မဃဒေဝသည် လူ့ပြည်ရှိ မိမိလက်ရှိ အမျိုးအနွယ်သည် ရဟန်းပြုကျင့်ခြင်း အကျင့်မပျက်ဆက်ခံမည့် မင်းဟုတ်မဟုတ်ကို ကြည့်ရှုဆင်ခြင်တော်မူ၏။ ထိုအခါ မိမိ၏အနွယ်ဆက်သည် တောထွက်သော အမျိုးအစဉ်ပျက်တော့မည်ကို မြင်ရလေလျှင် ဈာန်၏အာနုဘော်တော်အားဖြင့် ဗြဟ္မာ့ပြည်၌ စုတေရာ မိတ္ထိလာပြည်မင်းကြီး၏ မိဖုရားဝမ်းတွင် ပဋိသန္ဓေစွဲယူတော်မူ၏။

မိဖုရားကြီးသည် ပဋိသန္ဓေဝန်ကို ရွက်ဆောင်၍ အချိန်စေ့လျှင် ဘုန်းပညာလက္ခဏာကြီးငယ်နှင့် ပြည့်စုံပြီး ရွှေအဆင်းကဲ့သို့ အဆင်းရှိသောဘုရားလောင်း သတို့သားကို ဖွားမြင်တော်မူလေသည်။ ဘုရားလောင်းမင်းသားအား အမည်မှည့်ရန် ပုဏ္ဏားတို့အား စည်းဝေးစေပြီးလျှင် နိမိတ်လက္ခဏာဖတ်စေသည်။ မင်းသား၏ဘုန်းအာနုဘော်သည် ခမည်းတော် ဘိုးတော် ဘေးတော် ဘီတော်အဆက်ဆက်သော ရှေးမင်းတို့ထက် ဘုန်းတန်ခိုးကြီးပြီး ဤမင်းသားနောက်တွင် အနွယ်ဆက်ခံမည့် သူ မရှိတော့ဟု ဖတ်ကြားလျှောက်ထားကြကုန်သည်။ ထို့ကြောင့် မင်းသားအား နေမိကုမာရ ဟူသောအမည်ကို ပေးတော်မူ၏။

ထိုဘုရားလောင်း နေမိကုမာရ မင်းသားသည် ငယ်စဉ်ကမှစပြီး အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်သီတင်းသုံးခြင်းတို့၌ အလွန်မွေ့လျော်တော်မူ၏။ ခမည်းတော်မင်းကြီးသည် ရှေးမင်းများကဲ့သို့ ဦးခေါင်း၌ဆံဖြူကို မြင်သောအခါ သားတော်နေမိကုမာရမင်းသားအား တိုင်းပြည်ထီးနန်းကို အပ်နှင်းအဆုံးအမပေးပြီးလျှင် သရက်ဥယျာဉ်တော်၌ ရဟန်းပြုတော်မူကာ ဗြဟ္မဝိဟာရကို ပွားစေလျက် အသက်အဆုံး၌ မပျက်သော ဈာန်အာနုဘော်ဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်တော်မူ၏။

ဘုရားလောင်း နေမိမင်းသည် ခမည်းတော်၏ အရိုက်အရာကိုယူ၍ မင်းဖြစ်ပြီးနောက် မြို့တံခါးလေးမျက်နှာ မြို့လယ် စသည့် ငါးဌာနတို့၌ အလှူဇရပ်ကြီး တစ်ဆောင်စီဆောက်စေပြီး ရသေ့ရဟန်းရှင်လူအပေါင်းတို့အား အလိုရှိတိုင်း သုံးဆောင်ဖွယ်တို့ကို ပေးလှူစွန့်ကြဲစေ၏။ မိမိကိုယ်တိုင် ငါးပါးသီလကို နေ့စဉ်မပြတ် ဆောက်တည်ကျင့်တော်မူသည့်အပြင် ပြည်သူများကိုလည်း တရားပြသဆုံးမတော်မူ၏။

နေမိမင်းသည် ဤသို့အလှူပေးခြင်း သီလဆောက်တည်ခြင်း အစရှိသော ကုသိုလ်စရိုက်တရားကို မပြတ်အားထုတ်တော်မူ၏။ အတ္တဟိတ ပရဟိတတရားတို့ကို ဆောင်ရွက်တော်မူသော နေမိမင်းကြီးသည် ဒါနနှင့်သီလနှစ်ပါး၌ မည်သည့်တရားသည် သာ၍ အကျိုးကြီး၏ဟု ဝေဖန်ဆုံးဖြတ်နိုင်ခြင်းမရှိ ဖြစ်နေသည်။

ထိုအခါ ဘုရားလောင်း၏ သီလအာနုဘော်တော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူပြင်းတင်းမာသဖြင့် သိကြားမင်းလည်း လူ့ပြည်ကို မျှော်ကြည့်လေသည်။ ထိုအခါ နေမိမင်းကြီး၏ ဒါနနှင့်သီလ ယုံမှားခြင်းကြောင့် ဖြစ်သည်ကိုသိရှိလျှင် နေမိမင်းရှိရာသို့ လာရောက်ခဲ့သည်။ သိကြားမင်းသည် နေမိမင်း၏ ကျက်သရေတိုက်သို့ ဝင်ပြီးလျှင် ကောင်းကင်၌ ရပ်နေပြီး အလိုရှိအပ်သော ပြဿနာကို မေးရန်ပြောဆိုလေ၏။

နေမိမင်း၏ အမေးပြဿနာကိုကြားလျှင် သိကြားမင်းက အမြတ်ဆုံးဖြစ်သော ဒါန၏အကျိုးသည် အယုတ်ဆုံးဖြစ်သော ဥပုသ်သီလ၏ အကျိုးကို မမီနိုင်ချေ။ ဥပုသ်အင်္ဂါတစ်ခုတည်းမျှပြည့်စုံသည်ဖြစ်လျှင် ပဒေသရာဇ်မင်း၊ ကေရာဇ်မင်း စသောမင်းတို့၏ စည်းစိမ်ကိုပေးတတ်၏။ အလတ်ဖြစ်သော ဥပုသ်သီတင်းသည် လူမင်းစည်းစိမ်တို့ထက် အဆအရာမကမြတ်လှသော နတ်မင်းစည်းစိမ်ကိုပေးတတ်၏။ အမြတ်ဆုံးသော ဥပုသ်သီတင်းသည် လူမင်း နတ်မင်းတို့၏ အဆထောင်သောင်းမက လွန်မြတ်သောကိလေသာစင်သည့် ဗြဟ္မာမင်းအဖြစ်သို့ ရောက်တတ်၏ဟု ရှင်းလင်းဖြေဆိုသည်။ ထို့အပြင် သိကြားမင်းသည် ဒါနထက် သီလ အကျိုးကြီးကြောင်းကို သက်သေသာဓကများ ထုတ်နုတ်ဟောပြောလေသည်။ ထိုသက်သေဖြစ်ရပ်များမှာ ဒုဒီပအမည်ရှိသော မင်း၊ သာဂရမင်း၊ သေလမင်း၊ မုဇလိန္ဒမင်း၊ ဥသိန္ဒရမင်း၊ ကဿပမင်းတို့သည် အလုံးစုံသောကောင်းမြတ်သည့် အလှူဝတ္ထုတို့ဖြင့် ပေးလှူခြင်း၊ ပူဇော်ခြင်းဟု ဆိုအပ်သော မဟာဒါနကိုသာ ပြုဖူးကြသည်ကြောင့် ကာမာဝစရနတ်ပြည်သို့သာ လားခဲ့ရသည်။ အိမ်ရာမထောင်ဘဲ ခြိုးခြံစွာသော အကျင့်ကိုကျင့်ကြကုန်သော ယာမဟနုရှင်ရသေ့၊ သောမယာဂရှင်ရသေ့၊ မနောဇရှင်ရသေ့၊ သမုဒ္ဒရှင်ရသေ့၊ မာဃရှင်ရသေ့၊ ဘရဟရှင်ရသေ့၊ ကာလပုရက္ခတရှင်ရသေ့ စသည့်ညီနောင်ခုနစ်ပါးနှင့် အင်္ဂီရသရှင်ရသေ့၊ ကဿပရှင်ရသေ့၊ ကိသဝစ္ဆရှင်ရသေ့၊ အကတ္တိရှင်ရသေ့ လေးပါးတို့သည် အိမ်ရာမထောင်ဘဲ သီလဖြင့်ခြိုးခြံကျင့်ကြံကြသည်ကြောင့် ကာမာဝစရနတ်ပြည်ကို ကျော်လွန်လျက် အလွန်သန့်စင်ကြယ်စွာသော ဗြဟ္မာမင်း၏ အဖြစ်သို့ရောက်ရှိကြလေသည်။ ထို့ကြောင့် အလှူဒါန၏ အကျိုးထက် ဗြဟ္မစရိယသီလ၏အကျိုးသည် အဆထောင်သောင်းသိန်းမက မြတ်သည်ကို မှတ်တော်မူလေ့ဟု ဟောကြားလေ၏။ ထို့အပြင် သိကြားမင်းသည် ကိုယ်တိုင်တွေ့မြင်ဖူးသော သီဒါမြစ်ကမ်း၌ သီတင်းသုံးသော ဈာန်ရ ရသေ့တစ်ပါးအကြောင်းကိုလည်း သက်သေထုတ်၍ ဟောပြောလေသည်။

ဟိမဝန္တာရှိ ရွှေတောင်နှစ်လုံးတို့အကြား၌ နေရောင်မသန်းသဖြင့် ချမ်းမြေ့အေးကြည်လျက်ရှိသော သီဒါဖြစ်၏။ ထိုသီဒါမြစ်နား၌ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအရပ်၌ ရှင်ရသေ့တစ်သောင်းမျှ သီတင်းသုံး




## ပုဏ္ဏားကျွန်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု စာရင်းများပေးအပ်

**ပုဏ္ဏားကျွန်း ဇူလိုင် ၁**

ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်သိန်းက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ဇေခိုင်ဟိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်နုတို့က သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြသည်။

ပုဏ္ဏားကျွန်းမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကျော်ဇံကျေးရွာအုပ်စု၊ လက်ဝဲစာတိုက်ကျေးရွာအုပ်စု၊ ငှက်ကြီးကျွန်းကျေးရွာအုပ်စု၊ ခမောင်းတောကျေးရွာအုပ်စု၊ အထုတ်သည်ကျေးရွာအုပ်စုနှင့် တံဘက်လှန်းကျေးရွာအုပ်စုများမှ အမျိုးသား ၄၉ ဦးနှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၁၂၇ ဦးအား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဇူလိုင် ၁ – မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၆)ပေမှ (၈)ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

**နေမိမင်း၏ အမေးပြဿနာကိုကြားလျှင် သိကြားမင်းက အမြတ်ဆုံးဖြစ်သောဒါန၏ အကျိုးသည် အယုတ်ဆုံးဖြစ်သော ဥပုသ်သီလ၏ အကျိုးကို မမီနိုင်ချေ။ ဥပုသ်အင်္ဂါ တစ်ခုတည်းမျှပြည့်စုံသည်ဖြစ်လျှင် ပဒေသရာဇ်မင်း၊ ကေရာဇ်မင်း စသောမင်းတို့၏ စည်းစိမ်ကိုပေးတတ်၏။ အလတ်ဖြစ်သော ဥပုသ်သီတင်းသည် လူမင်းစည်းစိမ်တို့ထက် အဆအရာမကမြတ်လှသော နတ်မင်းစည်းစိမ်ကိုပေးတတ်၏။ အမြတ်ဆုံးသော ဥပုသ်သီတင်းသည် လူမင်း နတ်မင်းတို့၏ အဆထောင်သောင်းမက လွန်မြတ်သော ကိလေသာ စင်သည့် ဗြဟ္မာမင်းအဖြစ်သို့ ရောက်တတ်၏ဟု ရှင်းလင်းဖြေဆိုသည်**

တော်မူကြလျက်ရှိသည်။ ရှင်ရသေ့အပေါင်းတို့သည် မိမိတို့ကိုယ်ခန္ဓာ၏ မျှတခြင်းသာလျှင် အာဟာရမှီဝဲကြပြီး စျာန်ချမ်းသာဖြင့်သာလျှင် နေကြကုန်၏။

ထိုရှင်ရသေ့တို့အနက် ရှင်ရသေ့တစ်ပါးသည် ငြိမ်သက်သော ဣန္ဒြေဖြင့် ဗာရာဏသီပြည်သို့ ဆွမ်းခံဝင်လေသည်။ မင်းကြီး၏ပုရောဟိတ် ပုဏ္ဏားသည် ကြည်ညိုသဖြင့် အိမ်အတွင်းသို့ပင့်ဆောင်၍ ဆွမ်းဆက်ကပ်လေသည်။ ရှင်ရသေ့အား အကျွမ်းဝင်သည့်အချိန်တွင် ဟိမဝန္တာ၌ အဘိညာဉ် ငါးရပ်၊ သမာပတ်ရှစ်ဦး အထူးထူးနှင့်ပြည့်စုံကြသည့် ရှင်ရသေ့တစ်သောင်းတို့နှင့်အတူ သီတင်းသုံးတော်မူနေကြသည်ကို သိရှိရလျှင် ပုရောဟိတ်ပုဏ္ဏားသည် အဘိညာဉ်တန်ခိုးကို လိုလားတပ်မက်လေသည်။ ထို့ကြောင့် ရှင်ရသေ့သကဲ့သို့ ရဟန်းပြုလိုကြောင်း လျှောက်ထားသည့်အခါ ပုရောဟိတ်သည် ဘုရင်၏အနွယ်ဖွားဖြစ်၍ မင်းကြီးခွင့်ပြုမှ ရဟန်းပြုနိုင်ကြောင်း ဖြေကြားကာ ကောင်းကင်ခရီးဖြင့် သီဒါနဒီမြစ်သို့ ပြန်ကြွသွားလေ၏။

ပုဏ္ဏားသည် မင်းကြီးထံ ခွင့်ပန်ရာ မင်းကြီးလည်း ရသေ့ပြုပြီးက ရသေ့အသွင်ဖြင့် မြင်လို၍ ကြွရောက်ရန် မှာကြားပြီး ခွင့်ပြုလိုက်လေသည်။ ပုဏ္ဏားသည် စျာန်ရရသေ့ထံ လိုက်ပါ၍ ရသေ့ပြု၏။ ပုဏ္ဏားသည် စျာန်ရဆရာရသေ့ပေးသည့်နည်းအတိုင်း ကမ္မဋ္ဌာန်းတရားကို အားထုတ်သဖြင့် အဘိညာဉ်သမာပတ်တရားတို့ကိုရ၍ မိမိအလိုရှိတိုင်း ကောင်းကင်ခရီးဖြင့် ဆွမ်းခံနိုင်လေ၏။

ထိုပုရောဟိတ်ရသေ့သည် မိမိ၏ ဝန်ခံကတိအတိုင်း မင်းကြီးထံ ကြွလာ၏။ မင်းကြီးလည်း ရသေ့ကိုမြင်လျှင် မိမိ၏ ပုရောဟိတ်မှန်း သိသဖြင့် နန်းတွင်းသို့ပင့်၍ ပူဇော်သက္ကာရပြုလေသည်။ မင်းကြီးသည် ကြည်ညိုသဒ္ဓါပွားလွန်းသဖြင့် ပုရောဟိတ်ရသေ့နှင့်အတူ ဟိမဝန္တာ၌ သီတင်းသုံးတော်မူကြလျက်ရှိသော ရသေ့တစ်သောင်းတို့အား နေ့စဉ်မပြတ် ဆွမ်းလုပ်ကျွေးရန် အခြေအရံများနှင့်တကွ လိုက်ပါလေသည်။ မင်းကြီးသည် ရသေ့တစ်သောင်းတို့အား နေ့စဉ်မပြတ် ဆွမ်းလုပ်ကျွေးသည်မှာ အနှစ်တစ်သောင်းမျှပင် ကြာရှည်လေသည်။ မင်းကြီးသည် ဤသို့နှစ်လရှည်ကြာမြင့်စွာ ရှိခိုးဖူးမြော်ခြင်း၊ ပူဇော်ခြင်း ကြီးကျယ်လှသော မဟာဒါနကြီးကို နေ့စဉ်မပြတ်ပြုခဲ့သည့် ဒါနကုသိုလ်တို့ကြောင့် သိကြားမင်းဖြစ်လာသည်။ ရသေ့တစ်သောင်းတို့သည် ဗြဟ္မာ့ဘုံသို့ ရောက်ကြကုန်၏။

သိကြားမင်းသည် နေမိမင်းအား ဒါနကုသိုလ်၊ သီလကုသိုလ် နှစ်ပါးလုံးကို မမေ့မလျော့ပြည့်စုံအောင် ကျင့်ကြံလေရန် မှာကြားဆုံးမပြီး တာဝတိံသာနတ်ပြည်သို့ ပြန်လေသည်။ ထိုနေ့သည် လပြည့်နေ့ဖြစ်၍ တာဝတိံသာ သုဓမ္မာသဘင်၌ နတ်တို့ အစည်းအဝေးပြုလုပ်ချိန်နှင့် ကြုံကြိုက်နေသည်။ သိကြားမင်းသည် သုဓမ္မာသဘင် နတ်တို့အလယ်၌ ခင်းထားသော သိကြားနေရာ၌ ထိုင်လျက် ကိုယ်ရောင်ပြလေ၏။ နတ်များက အရှင်မင်းကြီး အဘယ်အရပ်သို့ ကြွနေတော်မူသနည်းဟု မေးလျှောက်ကြကုန်၏။ သိကြားမင်းက လူ့ပြည်၌ ဂုဏ်သတင်းကြီးသော နေမိမင်းကြီးသည် ဒါနအကျိုးနှင့် သီလအကျိုး ဝေခွဲမရဖြစ်နေသည်ကို မိမိဖြေဆိုဆုံးဖြတ်ပေးခဲ့ကြောင်း ရှင်းပြလေသည်။

ထိုအခါ နတ်အပေါင်းတို့က ဂုဏ်သတင်းကြီးသော နေမိမင်းကြီးကို ဖူးမြင်လို၍ ပင့်ခေါ်ပေးပါရန် လျှောက်ထားကြ၏။ သိကြားမင်းသည် ဝေဇယန္တာရထားမှူးဖြစ်သော မာတလိနတ်သားကို ခေါ်တော်မူစေရာ မာတလိနတ်သားသည် ရထားကို အလုံးစုံပြင်ဆင်၍ သိန္ဓောမြင်း တစ်ထောင်ကပြီးလျှင် နတ်ပြည်အရှေ့မျက်နှာ မင်္ဂလာတံခါးမှ ဆင်းသက်လေသည်။ မိတ္ထိလာပြည်သို့ရောက်လျှင် နေမိမင်းကြီးအား သိကြားမင်း ပင့်ဆောင်ရန်စေလွှတ်ကြောင်း ပြောပြလေသည်။ နေမိမင်းကြီးလည်း ပြည်သူအများကို တရားမမေ့ရန် မှာကြား၍ ဝေဇယန္တာရထားထက်သို့ တက်၍လိုက်လေသည်။ လူအပေါင်းတို့သည် ငါတို့အရှင်၏ ဘုန်းတန်ခိုးအာနုဘော်သည် လူ့ပြည်သာမက နတ်ပြည်သို့တိုင်အောင် ကျော်စောပေသည်ဟု အလွန်အံ့သြချီးမွမ်း ပြောဆိုရွှင်လန်းကြ၏။

နေမိမင်းကြီး ရထားထက်သို့ ရောက်သောအခါ မာတလိနတ်သားက ယခုသွားရမည့် ခရီးသည် မကောင်းမှုကို ပြုကျင့်သော သူတို့၏လားရာ ငရဲပြည်သို့သွားသော ခရီးလည်းရှိ၏။ ကောင်းမှုကိုပြုကျင့်သော သူတို့၏ စံရာ နတ်ပြည်ဘုံဗိမာန်သို့သွားသော ခရီးသည်လည်းရှိသည်။ မည်သည့် ခရီးလမ်းကြောင်းဖြင့် သွားလိုကြောင်းမေးရာ မင်းကြီးက ငရဲပြည် နတ်ပြည် နှစ်ပြည်လုံးကိုပင်မြင်လိုသည်ဟုဆို၏။ *(ဆက်လက်ဖော်ပြပါမည်)*

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား ‘ဇာတက’ကို ‘ဇာတ်’ ဟူ၍ မြန်မာမှုပြုကြသည်။ ‘ဇာတ်’၏ အနက်အဓိပ္ပာယ်မှာ ‘အဖြစ်’ ‘ဘဝ’ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို ‘တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ’ ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှလွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ ‘နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်’ ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် ဩဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံ များနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၃၂၀၉ ဦးနှင့် အတွင်းလူနာပေါင်း ၇၆၆၅၀ တို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၃၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၄၃၀ စုစုပေါင်း ၁၈၆၆၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၁၇၆ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၈၈၂၂ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၄၉၉၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူ လူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မဟာအောင်မြေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်

**မန္တလေး ဇူလိုင် ၁**

မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် မဟာဗောဓိပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက် ၁၀ နာရီက နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာသူများက မဟာဗောဓိပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဦးခေမိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်တော်မူပြီး လှူဖွယ်ပစ္စည်းများလှူဒါန်းကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ပြန်/ဆက်)**

# အမျိုးသမီးများ၏ အခွင့်အရေး အလေးထားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။ ထိုနေ့ကို ၁၉၉၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကတည်းက တရားဝင်သတ်မှတ် ကျင်းပလာခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၂၀ ပင်ကျော်ခဲ့ပြီဖြစ် သည်။ နိုင်ငံရေးနယ်ပယ်မှသည် လူမှုရေးနယ်ပယ်အထိ အောင်မြင်မှုရရှိခဲ့ကြသည့် နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများကို အသိအမှတ်ပြုသောနေ့လည်း ဖြစ်သည်။ ထိုနေ့၏ မူလရည်မှန်းချက်သည် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ကျား၊ မ တန်းတူညီမျှမှု အခွင့်အလမ်း အပြည့်အဝရရှိရေးနှင့် အမျိုးသမီးများ၏ လူမှုဘဝ မြှင့်တင်သွားနိုင်ရေးပင်ဖြစ်သည်။

## အနစ်နာခံ

စင်စစ်အားဖြင့် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများနှင့်မိန်းကလေးများသည် အိမ်မှုကိစ္စများ ဆောင်ရွက်ရန် အချိန်များစွာပေးဆပ်နေကြရသည်။ အထူးသဖြင့် အမျိုးသမီးများသည် မိသားစုများအတွက် အမျိုးသားများထက် အချိန်နှစ်ဆပေးနေကြရသည်။ မိသားစုတစ်စုတွင် အမျိုးသမီးများသည် လူမမည်ကလေးများနှင့် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရသည့်အပြင် အိမ်မှုကိစ္စများ စီမံခန့်ခွဲရသဖြင့် ကိုယ်ပိုင်နားချိန်ပင်မရှိကြပေ။

အစားအသောက်တွင်လည်း အမျိုးသားများကဲ့သို့ ကောင်းကောင်းမွန်မွန်မစားကြရပေ။ အိုးကျန်၊ ခွက်ကျန်လူးပြီး ဖြစ်သလိုစားလိုက်ကြရသည်။ အိမ်ရှင်မအများစုသည် ခင်ပွန်းနှင့် သား၊ သမီးများကိုသာဦးစားပေးလေ့ရှိကြသည်။ တချို့သော မိသားစုများတွင် အမျိုးသမီးများသည် မိုးလင်း၊ မိုးချုပ် အလုပ်နှင့်လက် မပြတ်ကြရပေ။ တစ်အိမ်လုံး၏ တာဝန်မှန်သမျှသည် အမျိုးသမီးများ၏ပခုံးပေါ်တွင် ရောက်နေတတ်သည်။ ထို့ကြောင့် အိမ်ရှင်မများသည် အနစ်နာခံနေရသူများပင်ဖြစ်သည်။

## ကျား၊ မ သာတူညီမျှရှိရေး

အမှန်တော့ နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်သော အမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်နယ်ပယ်ပေါင်းစုံတွင် ရရှိနိုင်မည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှခံစားခွင့်ရရှိအောင် ဆောင်ကြဉ်းပေးနိုင်မှသာလျှင် ကျား၊ မ သာတူညီမျှရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ကျား၊ မ သာတူညီမျှရှိမှုသည် လူ့အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ အမျိုးသမီးများသည် အသက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှသာလျှင် ကျား၊ မ သာတူညီမျှရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလ၌ တိုးတက်ပြောင်းလဲမှုများ မည်မျှပင်ရှိနေစေကာမူ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံနေဆဲပင်ဖြစ်သည်။ ထိုနိုင်ငံများတွင် အမျိုးသမီးများကို လိင်ဖျော်ဖြေရေးသက်သက်လောက်သာ သဘောထားနေကြသည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ထိုနိုင်ငံများရှိ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့သည့် အချို့သော အမျိုးသားများသည် အားနွဲ့သည့်အမျိုးသမီးများကို ပညာသင်ယူခွင့်နှင့် အများပြည်သူများ၏ရှေ့မှောက်တွင် လွတ်လပ်စွာသွားလာခွင့်တို့ကို ကန့်သတ်တားမြစ်ပိတ်ပင်ထားကြသည်။ အထူးသဖြင့် အမျိုးသမီးတစ်ဦးသည် မိမိချစ်ခင်စုံမက်သူကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်မရှိပေ။ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားပြီး ရောင်းကုန်လိုပင်သဘောထားကာ ခွဲခြားဆက်ဆံခြင်း ခံနေကြရသည်။ ထိုနိုင်ငံများတွင် ရုပ်ပစ္စည်းများ မည်မျှပင် တိုးတက်မှုရှိနေစေကာမူ ဖြုဟ္မာစိုရ်တရားခေါင်းပါးနေဆဲပင်ဖြစ်သည်။

## ထိရောက်သောအစီအမံများလို

မျက်မှောက်ကမ္ဘာကြီးတွင် လူဦးရေ ၇ ဒသမ ၉ ဘီလီယံကျော်ရှိနေပြီ ဖြစ်သည်။ အမျိုးသမီးဦးရေသည် ၃ ဒသမ ၇ ဘီလီယံကျော်ရှိသည်။ သို့သော် ကျား ၊ မ ခွဲခြားဆက်ဆံမှုကြောင့် ကမ္ဘာပေါ်ရှိ ဆင်းရဲသူ ၁၀ ဦးတွင် ခြောက်ဦးသည် အားနွဲ့သည့်အမျိုးသမီးများဖြစ်သလို ကမ္ဘာ့စာမတတ်သူ သုံးပုံ၊ နှစ်ပုံသည်လည်း အမျိုးသမီးများပင် ဖြစ်နေကြသည်။ ကမ္ဘာပေါ်တွင် အမျိုးသားအများစုသည် နိုင်ငံရေးနှင့် တရားရေးဆိုင်ရာ နယ်ပယ်များတွင် အဓိကကျသောနေရာများကို လွှမ်းမိုးချုပ်ကိုင်ထားကြသည်။ နိုင်ငံအသီးသီးရှိ ဥပဒေပြုလွှတ်တော်များတွင်လည်း အမျိုးသမီးအမတ် အရေအတွက် ၂၂ ရာခိုင်နှုန်းသာ တွေ့ရှိရပါသည်။ ထို့အပြင် တရားဥပဒေအများစုသည်လည်း အမျိုးသမီးများကို အကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအတွက် ထိရောက်သောအစီအမံများ ချမှတ်ဆောင်ရွက်သွားသင့်ပါသည်။

ထို့အပြင် အမျိုးသမီးများသည် လုပ်ငန်းခွင်တွင်လည်း အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ လုပ်ဖော်ကိုင်ဖက် အမျိုးသားများ၊ အထူးသဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူများက ထိပါးနှောင့်ယှက်မှုမျိုး ကြုံတွေ့ရတတ်ပါသည်။ သဘောထားသေးသိမ်သည့် အချို့သောအမျိုးသားများသည် လုပ်ဖော်ကိုင်ဖက်နှင့် လက်အောက်ရှိ အမျိုးသမီးဝန်ထမ်းများကို နှုတ်ဖြင့်သော်လည်းကောင်း၊ အမူအရာဖြင့်သော်လည်း ကောင်း ထိပါးနှောင့်ယှက်တတ်ကြသည်။

> ◆ မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၏ ဖေးဖေးမမ ဆောင်ရွက်မှုများကြောင့် အမျိုးသမီးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်ပေါင်းစုံတွင် ရရှိသင့်၊ ရရှိထိုက်သည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှ ခံစားခွင့်ရရှိနေကြသည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် အသက်ရှင်နေထိုင်စဉ် ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ကြသည်

ထိုသို့မဖြစ်ရလေအောင် အခြားသော လုပ်ဖော်ကိုင်ဖက်များက မိမိ၏ဆွေမျိုးရင်းချာများကဲ့သို့ ပူးပေါင်း ကာကွယ်စောင့်ရှောက်သွားသင့်ပေသည်။ အမျိုးသမီးများ အပေါ် အခွင့်အရေးယူတတ်သူများကိုလည်း လူမှုကျင့်ဝတ်အရသော် လည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရသော်လည်းကောင်း သတိပေး ကြပ်မတ် အရေးယူဆောင်ရွက်သွားသင့်ပါသည်။

အထူးသဖြင့် အမျိုးသမီးများအား အများဆုံး ခြိမ်းခြောက်လျက်ရှိသည်မှာ အိမ်တွင်းအကြမ်းဖက်မှုများပင်ဖြစ်သည်။ အချို့သော အမျိုးသားများသည် သူတို့ ငွေရှာနိုင်သည်ဆိုပြီး ဇနီးနှင့် သားသမီးများအပေါ် ဗိုလ်ကျ အနိုင်ကျင့်လေ့ရှိကြသည်။ အချို့ အမျိုးသားများသည် သောက်စားမူးယစ်ပြီး ဇနီးများအပေါ် ဆူပူကြိမ်းမောင်း ရိုက်နှက်တတ်လေ့ရှိကြသည်။ အချို့သော အိမ်ထောင်ရှင် အမျိုးသမီးများသည် ၎င်းတို့၏ခင်ပွန်းများ မကောင်းကြောင်းကို အခြားသူများသို့ ရင်ဖွင့်ပြောကြားလိုခြင်းမရှိသဖြင့် အိမ်တွင်း၌ပင် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခါးစည်းခံနေကြရသည်။ အချို့အမျိုးသားများသည် ဇနီးကို ဆံပင်ဆွဲကာ ပါးရိုက်တတ်ကြသည်။ သွေးထွက်သံယိုဖြစ်သည်အထိပင် ရက်စက်ကြမ်းကြုတ်လေ့ရှိကြသည်။ ထိုသို့ အမျိုးသမီးများအပေါ် အကြမ်းဖက်သူများကို လူမှုအသိုက်အဝန်းက ဝိုင်းဝန်းထိန်းချုပ်ပညာပေးသွားဖို့ လိုအပ်ပါသည်။

## အခွင့်အရေးအပြည့်အဝရရှိ

သို့သော် မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၏ ဖေးဖေးမမ ဆောင်ရွက်မှုများကြောင့် အမျိုးသမီးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်ပေါင်းစုံတွင် ရရှိသင့်၊ ရရှိထိုက်သည့် အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ သာတူညီမျှ ခံစားခွင့်ရရှိနေကြသည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် အသက်ရှင်နေထိုင်စဉ် ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် လူ့အခွင့်အရေး အပြည့်အဝရရှိနေကြသည်ဟု အခိုင်အမာပြောဆိုနိုင်ပါသည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းကပင် အမျိုးသမီးများကို အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေးများ ရခဲ့ရာ မျက်မှောက်ကာလအထိပင်ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များ ရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်နှောင်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင် ကြိုးစားသလောက် ခံစားခွင့်ရှိကြသည်။ အထူးသဖြင့် မျက်မှောက်ခေတ် ဒီမိုကရေစီနိုင်ငံသစ်ကို ချီတက်ရာတွင် အမျိုးသမီးများသည် လွှတ်တော်များတွင် ဥပဒေပြုရေးလုပ်ငန်းများအား ပြည်သူ့ကိုယ်စားပြုအမတ်များအဖြစ် အမျိုးသားများနှင့်အပြိုင် ပါဝင်ဆွေးနွေးလျက်ရှိကြသည့်အပြင် အစိုးရအဖွဲ့ ဝန်ကြီးများနှင့် နိုင်ငံ့ကိုယ်စားပြု သံအမတ်ကြီးများ အဆင့်ကဲ့သို့ ကြီးလေးသောတာဝန်များကိုပင် အမျိုးသားများနည်းတူ တန်းတူတာဝန်ယူထမ်းဆောင်လျက်ရှိကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများ ရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသောအမျိုးသမီးများဟုပင် ဆိုနိုင်ပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သော အမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်လျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍတွင်သာမက ကာကွယ်ရေးကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင်ခွင့် ရရှိနေပြီဖြစ်သည်။ အနာဂတ်တွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်၏အရေးကြီးတာဝန်များကို ထမ်းဆောင်နိုင်ကြတော့မည်ဖြစ်သည်။

## ယဉ်ကျေးသိမ်မွေ့

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေတည်လျက်ရှိသည်။


*စာမျက်နှာ ၂၃ သို့*

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။

ဇူလိုင်လ ၃ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ခွေးကလေးသည် တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိမိသခင်၏ ကျေးဇူးကို သိတတ်ပုံအကြောင်းကို ဆရာမတင်မာလွင်က ရေးသားထားပြီး ကာတွန်း ထွန်းထွန်းဝင်း




(ရန်ကုန်တက္ကသိုလ်)က သရုပ်ဖော် တင်ဆက်ထားသည့် "စစ်မှန်သော လူ့မိတ်ဆွေ" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများစကားပြောဆိုရာ၌ လိမ္မာယဉ်ကျေးမှုရှိစေရန် ပညာပေးရေးဖွဲ့ထားသည့် "ကောင်းကျိုးဖြစ်စေတဲ့ စကားကိုသာ ပြောဆိုကြပါစို့" သုတ ဆောင်းပါး၊ သူတစ်ပါး၏ ကျေးဇူးကို သိတတ်သော ပုပုအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ပုပုပါဝင်သည့် ဒါကြောင့်မို့" နှစ်မျက်နှာကာတွန်း၊ ခြင်ကြောင့် ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို ကလေးများ လိုက်နာရှောင်ကြဉ်နိုင်ရန် ပညာပေးတင်ဆက်ထားသည့် "ခွင့်လွှတ်ပါ သူငယ်ချင်း" ဝတ္ထု၊ လောဘကြီးပါက မိမိ၏ရည်ရွယ်ချက်ပန်းတိုင်ကို မရောက်နိုင်ကြောင်းနှင့် မိမိနှင့် ထိုက်တန်သမျှ ကိုသာ ရယူသင့်ပုံအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "လောဘကြီးက အကျိုးနည်းရ" ပုံပြင်၊ သူတစ်ပါးအပေါ်ကို အကောက်ကြံမှုကြောင့် မိမိရရှိမည့် အခွင့်အရေးများ ဆုံးရှုံးရကြောင်းကို တင်ဆက်ထားသည့် ကာတွန်းစိန်မျောက်မျောက်၏ "စေတနာ-ထောင်ချောက်" နှစ်မျက်နှာ ကာတွန်း၊ ကလေးများအနေဖြင့် စာပေများကို အလေးထားဖတ်သင့်ကြောင်းကို တင်ဆက်ထားသည့် "ဘိုးရာဇာ" နှစ်မျက်နှာ ကာတွန်း၊ နာမ်ရှေ့တွဲသုံးစကားများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ သုတိပြဘာ (ဆင်ပေါင်ဝဲ) ၏ "တစ်ဆုပ်ဆန်ကျောင်းအပါအဝင် အခြားဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတိုစုစုပေါင်း ၁၆ ပုဒ် ပါဝင်သည်။ စာရေးသူသည် ရဟန်းတစ်ပါးဖြစ်သည်နှင့်အညီ ယနေ့ခေတ်ကျေးလက် တောရွာများတွင် ဆင်းရဲချို့တဲ့စွာ သာသနာပြုနေကြသော ရဟန်းသံဃာတော်များ၏ အခက်အခဲ၊ ဘဝရုန်းကန်မှုနှင့် ခံစားချက်များကို ရေးသားဖော်ညွှန်းထားသည်။ တပည့်ဒါယကာများနှင့် ဆက်ဆံရေး၊ အလှူဒါနနှင့်ပတ်သက်၍ ပကာသန ဖက်တတ်သော လူ့ဘဝ၊ ကျောင်းထိုင်ဆရာတော်တစ်ပါး ပျံလွန်လျှင် ကြုံရတတ်သော လူမသိနိုင်သည့် ဘဝများ၊ လောကီအငွေ့ အသက်များနှင့်ကင်းကင်းနေချင်သဖြင့် ကျောင်းကိုပစ်ပြီး တောရပ်မှီခါမှ ရွာမီးလောင်နေသည်ဟူသော သတင်းစကားကြောင့် ကျန်ခဲ့သည့်ကျောင်း၊ ကိုးကွယ်ထားသည့် ရုပ်ပွားတော်၊ အဖိုးမဖြတ်နိုင်သော ပေစာထုပ်များအတွက် ပူပန်ကြောင့်ကြရသော ရဟန်း၏အဖြစ် ၊ ဘုရားသားတော်ဖြစ်နေသဖြင့် ငယ်သူငယ်ချင်း အရက်သမားကို အစွမ်းကုန်မကူညီနိုင်၍ ဝမ်းနည်းရပုံကို ရသမြောက်စွာ ရေးသားထားသည်။ စာရေးသူ၏ လောကအမြင်သည် ခေတ်မီပြီး ထူးခြား လေးနက်သည့်အပြင် စကားပြေညက်ညောပြီး အရေးသွက်သည်။ အလျဉ်းသင့်သလို ဟာသလေးများပင် ထည့်သွင်းရေးသားထားသဖြင့် စိတ်ဝင်စားဖွယ်၊ နှစ်လိုဖွယ်ကောင်းသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၁၇၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၉၄၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ)ရန်ပုံငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

